http://www.dhammadownload.com

၃၅၀/.

ချမ်းမြေ့ဆရာတော်

# အာဖရိက ဓမ္မခရီး

| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
|---|---|---|
| ၂၅၄၀ | ၁၃၅၈ | ၁၉၉၆ |

http://www.dhammadownload.com

## ချမ်းမြေ့ဆရာတော်

# အာဖရိက ဓမ္မခရီး

| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
| --- | --- | --- |
| ၂၅၄၀ | ၁၃၅၈ | ၁၉၉၆ |

http://www.dhammadownload.com

# စိတ်ညစ်စိတ်ကြေး စိတ်ဖြင့်ဆေး

ရေကြောင့်ညွန်ဖြစ်၊ ထိုညွန်ညစ်
လည်း၊ စင်လစ်ရေကြောင့်၊ သွေမထောင့်
ဘူး၊ စိတ်ကြောင့်ဖြစ်ပေါ်၊ စိတ်ကြေးညှော်
လည်း၊ ဆေးလျှော်စိတ်ပင်၊ စင် မစင်ကို၊
ကိုယ်ပင်ဖန်ပြု၊ သူမပြုသည်၊ စင်မှုကိုယ့်မှာ
တာဝန်တည်း။

---

ထုတ်ဝေသည့် ခုနှစ်
၁၉၉၇

အုပ်ရေ
၅၀၀၀

မြဝတီစာပေတိုက်
အမှတ် ၇၅(ခ)၊ ပြည်လမ်း၊ ဇော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့တွင် စာတည်းမှူးချုပ် ဒုတိယမိုလ်မှူးကြီး ချစ်နိုင်က ပုံနှိပ်သူအမှတ် (၀၂၂၅၁)ဖြင့် ပုံနှိပ်၍ ထုတ်ဝေသူအမှတ် (၃၇၀၂)ဖြင့် ဖြန့်ချိ ထုတ်ဝေသည်။

မြဝတီပုံနှိပ်တိုက်အတွက် ဒေါ်ခင်စီ (၀၁၄၈၀)၊ မေတ္တာမိုးပုံနှိပ်တိုက်မှ ရိုက်နှိပ်သည်။

http://www.dhammadownload.com

## သူ့ကိုချီးမြှောက်
## ကိုယ့်ဂုဏ်မြောက်၏

သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြောက်၏၊ ယွင်းဖောက်အလို၊ ဝန်မတိုနှင့်၊ သူ့ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏ ၊ စည်းစိမ့်အရာ၊ သူ့ချမ်းသာဥ္၊ ငြူသာမပြု၊ ဝမ်းမြောက် ရှုလော့၊ သူ့ကို စောင့်မှ၊ သူကကိုယ့်ကို၊ ကြည်ညို မေတ္တာ၊ စောင့်နိုင်ရာ၏။

မဃဒေဝ၊ ၁၈၅

http://www.dhammadownload.com

## ကြိုးစားကြပါစို့

လူ့နတ်ဗြဟ္မာ၊ သတ္တဝါတို့၊
များစွာကျိုးရ၊ ချမ်းသာလှသည့်၊
ဗုဒ္ဓမြတ်စွာ၊ သာသနာသည်၊
ရှည်ကြာတည်တံ့၊ ရှည်ခိုင်ခံ့၍၊
ပျံ့နှံ့တိုးပွါး၊ ကျင့်သူများလျက်၊
ရွှင်ပြုံးချမ်းသာ၊ ချမ်းမြေ့သာအောင်၊
ညီညာတို့များ၊ တာဝန်ထား၊
ကြိုးစားကြပါစို့။

http://www.dhammadownload.com

# မိမိ၏စိတ်ကို ဘာဝနာဖြင့် ထုံမွှမ်းပါ

**ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။**
**ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။**

မကောင်းသဖြင့် မိုးထားသော အိမ်ကို မိုးရေပေါက်သည် ထိုးဖေါက်ဝင်ရောက်သကဲ့သို့ ဘာဝနာဖြင့် ထုံမွှမ်းမထားသော စိတ်ကို ရာဂစသော ကိလေသာသည် ထိုးဖေါက် ဝင်ရောက်၏။

**ယထာ အဂါရံ သုဆန္နံ၊ ဝုဋ္ဌိ န သမတိ ဝိဇ္ဈတိ။**
**ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ။**

ကောင်းစွာ မိုးထားသော အိမ်ကို မိုးရေပေါက်သည် မထိုးဖေါက်မဝင်ရောက်နိုင်သကဲ့သို့ ဘာဝနာဖြင့် ကောင်းစွာ ထုံမွှမ်းထားသော စိတ်ကို ရာဂစသော ကိလေသာသည် မထိုးဖေါက် မဝင်ရောက်နိုင်။

ဓမ္မပဒ၊ ၁၄၊ ၁၅

http://www.dhammadownload.com

# ဤမှတ်တမ်း

ပြည်ပခမ္မခရီးများ အကြောင်း မှတ်တမ်းမှတ်ရာ ရေးသင့်သည်ဟု ယူဆပါသည်။ သို့သော်လည်း ရေးနိုင်လောက်အောင် အချိန်မရ၍ မရေးဖြစ်ခဲ့။ ပြင်ဦးလွင် နှစ်တစ်ရာပြည့် စာစောင်အတွက် စာတစ်ပုဒ် ချီးမြှင့်ပါရန် လျှောက်ထား သော ဦးချစ်ဆွေကို အားနာ၍ ရေးခဲ့မိရာမှ ဤမှတ်တမ်းလွှာ ကလေး မမျှော်လင့်ဘဲ ဖြစ်ပေါ်လာခဲ့သည်။ ဤမှတ်တမ်းလွှာ ကလေးမှာ ထိုစာစောင်ပါ စာတမ်းကို ဖြည့်စွက်တိုးချဲ့၍ ရေးသားထားသော မှတ်တမ်းအကျဉ်းချုပ်မျှသာဖြစ်သည်။ ပြည့်စုံသောမှတ်တမ်းကား မဟုတ်ပါ။ သို့သော် လိုရင်း အချက်ကလေးများ ပါဝင်သင့်သလောက် ပါဝင်သဖြင့် ဖတ်ပျော်, မှတ်ပျော်သော မှတ်တမ်းလွှာကလေး ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

ချမ်းမြေ့ဆရာတော်

၇၊ ၁၁၊ ၉၅

http://www.dhammadownload.com

# ချမ်းမြေ့ဆရာတော်၏
# အာဖရိက ဓမ္မခရီး

ပြင်ဦးလွင် နှစ်တစ်ရာပြည့် စာစောင်အတွက် စာတစ်ပုဒ်ချီးမြှင့်ပေးပါရန် ဦးချစ်ဆွေက လျှောက်ထားသည်။ ဘုန်းကြီးက စာစောင်တွေ မဂ္ဂဇင်းတွေမှာ စာရေးရန် အချိန်မရှိသဖြင့် ရေးလေ့ရေးထမရှိပေ။ သို့သော်လည်း တစ်ကြောင်း နှစ်ကြောင်းဖြစ်စေ ချီးမြှင့်စေလိုကြောင်း အကြိမ်ကြိမ် လျှောက်ထားသဖြင့် မကြာသေးမီက ဓမ္မခရီး ထွက်ခဲ့၍ စိတ်ထဲမှာ လောလောလတ်လတ် ပူပူနွေးနွေး ဖြစ်နေသေးသည့် အကြောင်းအရာများကို အလွယ်တကူ ရေးခြစ် ပေးလိုက်ရသည်။

ဘုန်းကြီး လွန်ခဲ့သည့်နွေရာသီက ၁၅ ကြိမ်မြောက် ပြည်ပဓမ္မခရီးထွက်ခဲ့သည်။ ယင်းခရီးတွင် လွန်ခဲ့သည့် နှစ်နှစ်ခန့်က ကြိုတင်စီစဉ်ထားသည့် ခရီးစဉ်မှာ ကဆုန်

http://www.dhammadownload.com



လပြည့်ကျော်မှ စ,ပြီး **တောင်ကိုရီးယား၊ ကနေဒါ၊ ဟာဝိုင်ယီနှင့် ဂျပန်** နိုင်ငံများသို့ ဓမ္မခရီး ကြွရန်ဖြစ်သည်။ ပြည်ပ ဓမ္မခရီးကြွရန် ပင့်လျှောက်သည့်အခါ ဤသို့ပင် တစ်နှစ်ကျော် နှစ်နှစ်ခန့် ကြိုတင်စီစဉ်ရသည်။ သို့မှသာ ပင့်သူများရော ကြွရမည့်ဘုန်းကြီးပါ အစစ အဆင်ပြေအောင် စီစဉ်နိုင်သည်။

သို့သော် ၁၉၉၅ ခုနှစ် နှစ်ဦးပိုင်းတွင်မူ လုံးဝ မမျှော်လင့်သော ပင့်စာတစ်စောင် ရောက်လာသည်။ ပင့်စာမှာ **အာဖရိကတိုက် ကင်ညာနိုင်ငံ မှ** ဖြစ်သည်။ ပင့်စာ ဆက်ကပ်သူမှာ ကင်ညာနိုင်ငံတွင် ကုလသမဂ္ဂ အဖွဲ့ကြီး၏ ပတ်ဝန်းကျင် လေ့လာထိန်းသိမ်းရေးအစီအစဉ် (United Nations Environment Programme) ၌ ကွန်ပြူတာ အိတ်စ်ပတ်အဖြစ် အမှုထမ်းနေသော မောင်စိုးမြင့် ဖြစ်သည်။ မောင်စိုးမြင့်မှာ ၁၉၉၄ ခုနှစ် ဇူလိုင်လ အတွင်းက မြန်မာပြည်သို့ ပြန်လာ၍ ချမ်းမြေ့ရိပ်သာ၌ ဒုလ္လဘ ရဟန်းဝတ်ကာ တရားအားထုတ်သွားသူ ဖြစ်သည်။ သူ ကင်ညာသို့ ပြန်သောအခါ ဘုန်းကြီး အင်္ဂလိပ်ဘာသာဖြင့် ဟောကြားထားသော ဝိပဿနာတရားခွေများ၊ ဗီဒီယို တိတ်ခွေများ၊ အင်္ဂလိပ်စာအုပ်များကို သယ်ဆောင်သွားသည်။ သူ့ ဓမ္မမိတ်ဆွေ နိုင်ငံခြားသားများကို နာစေသည်၊ ကြည့်စေသည်၊ ဖတ်စေသည်။ သူ၏ ဓမ္မမိတ်ဆွေများမှာ

http://www.dhammadownload.com



ကင်ညာနိုင်ငံ၌ တစ်ခုတည်းသော ဗုဒ္ဓဘာသာအသင်း ဖြစ်သည့် တိဘက်တန် ဗုဒ္ဓဘာသာ အသင်းဝင်များ ဖြစ်ကြသည်။ တိဘက်တန် ဗုဒ္ဓဘာသာအသင်း ဆိုသော် လည်း တိဘက်လူမျိုး တစ်ယောက်မျှမပါပေ၊ မျက်နှာဖြူများ၊ ကပြားများ၊ ကင်ညာနိုင်ငံပေါက် အိန္ဒိယလူမျိုးများ သာ ဖြစ်သည်။ တိဘက် လားမားဘုန်းကြီးတစ်ပါး ရောက်လာပြီး ၃ ရက်ခန့်နေကာ ဖွဲ့စည်းပေးခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြင့် နာကြရင်း၊ ကြည့်ကြရင်း၊ ဖတ်ကြရင်း ထေရဝါဒ ဝိပဿနာတရားကို စိတ်ဝင်စားလာကြသည်။ အားထုတ်ကြည့်လိုကြသည်။ တရားပြဆရာတော် ပင့်ပေး စေလိုကြောင်း၊ သူတို့ ဝိုင်းဝန်းကူညီကြမည် ဖြစ်ကြောင်းဖြင့် မောင်စိုးမြင့်ကို ပူဆာကြသည်။ သို့ဖြင့် အဆိုပါပင့်စာ ဘုန်းကြီးထံရောက်လာခဲ့သည်။

ဘုန်းကြီးသည် နွေရာသီ ဓမ္မခရီးများကို ကဆုန် လပြည့်ကျော်မှ ထွက်လေ့ရှိသည်။ ဘုန်းကြီးတို့ ချမ်းမြေ့ရိပ်သာ၌ ကျောင်းပိတ်ရက်ဖြစ်သော မတ်လနှင့် ဧပြီလများ တွင် ကျောင်းသား ကျောင်းသူများနှင့် ရှင်သာမဏေယ်များ၊ ကျောင်းသူ သီလရှင်များကို တရားသင့်လျော်အောင် အားထုတ်စေကာ တစ်ဘက်မှ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းဖွင့်၍ ဗုဒ္ဓယဉ်ကျေးမှု စာပေ သင်ကြားပေးခဲ့သည်မှာ အနည်းဆုံး ၇ နှစ် ၈ နှစ်

http://www.dhammadownload.com



ခန့်ရှိခဲ့ပေပြီ။ အောင်မြင်သူများကို ကဆုန်လပြည့် ဗုဒ္ဓနေ့၌ အောင်လက်မှတ်နှင့် ဆုများ ချီးမြှင့်သည့် အစဉ်အလာရှိသဖြင့် ကဆုန်လပြည့်မတိုင်မီ ဘုန်းကြီး ပြည်ပဓမ္မခရီး ထွက်လေ့မရှိပေ။ ယခုနှစ်၌လည်း အောင်မြင်သူ သုံးရာခန့်ကို အောင်လက်မှတ်နှင့် ဆုများ ပေးရန် ရှိသည်။

ယခုမူ ပင့်လျှောက်သူက ထေရဝါဒဗုဒ္ဓဘာသာ မရောက်သေးသော ကင်ညာနိုင်ငံ၌ ထေရဝါဒ ဝိပဿနာကို စိတ်ဝင်စားလာသူများ စိတ်အား ထက်သန်နေခိုက်မှာ အမြန်ဆုံး ကြွရောက်ပြီး ထေရဝါဒ ဝိပဿနာမျိုးစေ့ ချပေးစေလိုကြောင်း အလေးအနက် လျှောက်ထားသဖြင့် ကဆုန်လပြည့်မတိုင်မီ ကင်ညာသို့ကြွဖို့ စီစဉ်ရသည်။ မူလဓမ္မခရီးစဉ်၏ ရှေ့မှ ကင်ညာအစီအစဉ်ကို ဦးစားပေး ထားလိုက်ရသည်။

**ကင်ညာမှ** ပင့်သည့်သတင်းကို ကြားရတော့ **တောင်အာဖရိကနှင့် ဗော့ဆွာနာ** နိုင်ငံများကလည်း Fax ဖြင့် ပင့်လျှောက်စာ ပို့ကြပြန်သည်။ မူလစီစဉ်ထားသည့် နွေရာသီဓမ္မခရီးစဉ်က နောက်ကကပ်လျက် ရှိနေသောကြောင့် အချိန် အကျပ်အတည်း ဖြစ်နေသည်။ ကင်ညာ ရောက်မှပဲ လျော်သလို ကြည့်စီစဉ်ရတော့မည်ဟု နှလုံးသွင်းကာ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှာ မြန်မာပြည်မှ ထွက်ခဲ့၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ခဲ့၏။

http://www.dhammadownload.com



ဗန်ကောက်သို့ ရောက်သောအခါ ကင်ညာကို မသွားမီ အရေးကြီးသော ကိစ္စတစ်ခုကို ဒကာ ကိုဌေးဝင်း ဆောင်ရွက်ရ၏။ ကိစ္စမှာ ကနေဒါဗီဇာရရေး ဖြစ်သည်။ ကိုရီးယားဗီဇာ၊ အမေရိကန်ဗီဇာတို့ကို ရန်ကုန်၌ ယူခဲ့နိုင်၏။ ကင်ညာဗီဇာကို နိုင်ရောဗီလေဆိပ်ရောက်မှ ယူရမည်၊ ဗီဇာထုတ်ယူခွင့် ပါမစ် လက်ဝယ်ရှိထားပေပြီ။ မြန်မာပြည်၌ ကနေဒါသံရုံး မရှိ၍ ကနေဒါဗီဇာ မယူခဲ့ရသေးခြင်းဖြစ်၏။

ထို့ကြောင့် ဧပြီလ ၂၄ ရက်နေ့တွင် ဗန်ကောက်ရှိ မြန်မာသံရုံး၏ အကူအညီဖြင့် ကနေဒါသံရုံး၌ ကနေဒါဗီဇာ လုပ်ရသည်။ မြန်မာသံရုံးက သံရုံးအမှုထမ်း တစ်ဦးကို ဒကာကိုဌေးဝင်း နှင့်အတူ ကနေဒါသံရုံးသို့ ထည့်ပေးလိုက်သည်။ ကနေဒါသံရုံးကား အစစ်အဆေး အမေးအမြန်း ထူလှသည်ဟု နာမည်ရသည်။ စစ်ဆေး မေးမြန်း၍ သူတို့ ကျေနပ်မှ ဗီဇာထုတ်ပေးသည်။ မကျေနပ်လျှင် မပေး။ ကနေဒါဗီဇာ လုပ်ရတာ မလွယ်ကူကြောင်း ညည်းသူ များကြသည်။ ယခုလည်း နံနက် တစ်ခါသွားရုံဖြင့် ဗီဇာ မရခဲ့သေး။ နေ့လည် ၂ နာရီကို ချိန်းပြန်သဖြင့် နေ့လည် တစ်ခါသွားမှ ဗီဇာရခဲ့သည်။ ဗီဇာနှစ်ခုအတွက် ဗီဇာကြေး အမေရိကန်ဒေါ်လာ ၆၀ ပေးရသည်။

မလေးရှားဗီဇာက ကနေဒါဗီဇာထက်ပင် ခက်သေး သည်။ မလေးရှားဗီဇာ ရရန် မလေးရှား နိုင်ငံတွင်းမှ

http://www.dhammadownload.com



တရားစခန်း တာဝန်ခံများက သူတို့နိုင်ငံ လူဝန်မှုကြီးကြပ်ရေး ဌာနသို့ အကြိမ်ကြိမ်သွား၍ အမျိုးမျိုးလျှောက်လွှာတင် အစစ်အဆေးခံကာ အချိန်ကြာမြင့်စွာကြိုးစားကြရသည်။ နောက်ဆုံး ဗီဇာထုတ်ပေးခွင့်အမိန့် ရမှ ယင်းအမိန့်စာကို ဘုန်းကြီးတို့ထံ ပို့ပေးလိုက်၍ ရန်ကုန်ရှိ မလေးရှားသံရုံးမှာ ထိုအမိန့်စာကိုပြမှ ဗီဇာ ထုတ်ပေးသည်။ သို့တစေ မလေးရှားမှ ပင့်ဖိတ်သည့် အသင်းအဖွဲ့က ထင်ရှားအားကောင်းသည့် အသင်းအဖွဲ့ဖြစ်မှ ရသည်။ သာမန် အသင်းအဖွဲ့ဆိုလျှင် မရ။ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ လောက်က မြန်မာဆရာတော်ကြီးတစ်ပါး မလေးရှားသို့ကြွရန် စက်ာပူ၌နေ၍ ဗီဇာရဖို့ကြိုးစားရာ တစ်လကျော်ကြာသော်လည်း ဗီဇာမရ၍ ပြန်ကြွသွားရသည်။

ပြည်ပနိုင်ငံများက ခရီးစရိတ်မှစ၍ အစစ စရိတ်စက တာဝန်ယူကာ တရားဟော တရားပြ ပင့်သော်လည်း ကိုယ့်ပြည်တွင်းမှာလို ရထားလက်မှတ် သင်္ဘောလက်မှတ် ယူပြီး ချက်ချင်းထ, သွား၍ ဖြစ်သည်မဟုတ်။ (ပြည်တွင်းမှာပင် လေယာဉ်လက်မှတ်ရဖို့ကိုမူ ထောက်ခံစာ တွေနှင့် လျှောက်လွှာ တင်ရသေးသည်)။ ကိုယ့်နိုင်ငံ အတွင်းမှာ နိုင်ငံကူးလက်မှတ် ရဖို့ ဆောင်ရွက်ရသည့် ဒုက္ခ၊ ဟိုထောက်ခံစာ သည်ထောက်ခံစာ ယူရသည့်ဒုက္ခ၊ ဟိုသွားရ သည်သွားရ သွားရသည့်ဒုက္ခ၊ တခြားနိုင်ငံဝင်ဖို့ ပြည်ဝင်ဗီဇာ

http://www.dhammadownload.com



လုပ်ရသည့်ဒုက္ခ စသည် စသည် ဖြင့် ဒုက္ခတွေက များလှ ရှုပ်လှသည်။ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက်ပဲ ဟု စိတ်ဖြေကာ သည်ဒုက္ခတွေကို သည်းခံရသည်။ ရံဖန် ရံခါ သည်ဒုက္ခတွေကြောင့် သာသနာအတွက်ပင် ပြည်ပကိုထွက်ဖို့ စိတ်ပျက်မိသည့် အခါများလည်း ရှိသည်။ ပြည်ပရောက်လို့ ဗုဒ္ဓတရားတော်ကို မိမိစွမ်းနိုင်သမျှ ဟောပြော ပြသ သည့်အခါ နိုင်ငံခြားသား တရား လိုလားသူများ စိတ်ပါ လက်ပါ နာယူမှတ်သား အားထုတ်သည်ကို တွေ့ရတော့မှပင် အပန်းပြေရသည်။ သို့တစေ နေ့စဉ် တရား စစ်မေးရ တရားဟောရသည့် ဒုက္ခကလေးတွေ ကတော့ ရှိသေးသည်။

ဧပြီလ ၂၄ ရက်နေ့၌ ဗီဇာကိစ္စ ပြီးစီးသောအခါ ၂၅ ရက်နေ့တွင် လိုအပ်တာကလေးတွေ ပြည့်စုံအောင် ပြင်ဆင်ပြီးလျှင် ည ၈ နာရီ ၂၅ မိနစ်အချိန်တွင် အာရဗ် အဲယားလိုင်း လေယာဉ်ဖြင့် ဗန်ကောက်မှ ကင်ညာနိုင်ငံသို့ ထွက်ခဲ့သည်။ ည ၁၂ နာရီခန့်တွင် အာရဗ်ပြည်ထောင်စု သမ္မတနိုင်ငံ ဒူဘိုင်းလေဆိပ်သို့ ရောက်သည်။ သည်လေဆိပ် မှာ လေယာဉ် ပြောင်းစီးရမည်။ ဗန်ကောက်လေဆိပ်တွင် လေယာဉ်ပေါ်သို့တင်ရန် ပစ္စည်း အပ်စဉ်က ကင်ညာနိုင်ငံ နိုင်ရောဘီလေဆိပ်အရောက် Check-through စနစ်ဖြင့် အပ်ခဲ့ခြင်းဖြစ်၍ ပစ္စည်းများကိုမူ ကိုယ်တိုင် ရွှေ့ပြောင်း

http://www.dhammadownload.com



နေစရာမလို၊ လေကြောင်းကုမ္ပဏီက တာဝန်ယူ၍ ရွှေ့ပြောင်း ပေးပေလိမ့်မည်။

ဒူဘိုင်းလေဆိပ်နှင့် အဘူဒါဘီလေဆိပ် များသို့ ရေးကလည်း အကြိမ်ကြိမ် ရောက်ခဲ့ဖူးသည်။ အဘူဒါဘီ လေဆိပ်၌ ၁ နာရီခန့် နားခဲ့ရဘူးသည်။ ဒူဘိုင်း လေဆိပ် ၌မူ ရှေးက လေဆိပ်ထဲသို့ ဆင်းမကြည့်ခဲ့ ဘူးပေ။ ယခု အကြိမ်မှ လေဆိပ်ထဲသို့ရောက်ရသည်။ ရေနံနိုင်ငံများ ဖြစ်ကြသည့်အလျောက် လေဆိပ်နှစ်ခုလုံးပင် တန်ဆောင်တိုင် မီးထွန်းပွဲပမာ မီးတွေ ထိန်ထိန်လင်းအောင် လှလှပပ ထွန်းထားကြသည်။ လေဆိပ်ထဲ၌ လေယာဉ်အကူး အပြောင်းဌာန (Transfer Counter) သွား၍ နိုင်ရောဘီသို့ လေယာဉ် ထွက်မည့်အချိန်နှင့် ထွက်ပေါက်နံပါတ် (Gate No.) တို့ကို မေးရသည်။ နံနက်စော ၃ နာရီ ၁၅ မိနစ် တွင် ထွက်မည်ဖြစ်၍ (Gate 3) ၌ စောင့်ရမည်ဖြစ်ကြောင်း သိခဲ့ရသည်။ လေယာဉ်ထွက်ချိန်မှာ လက်မှတ်ထဲတွင်ပါပြီး ဖြစ်သော်လည်း ရံဖန်ရံခါ အကြောင်း တစ်စုံတစ်ရာကြောင့် ထွက်ချိန်ပြောင်းတတ်သည်။ ထို့ကြောင့် သေချာအောင် မေးထားရသည်။

လေယာဉ်ထွက်ချိန်မှာ ၂ နာရီ ကျော်ကျော်လိုသေး သဖြင့် လေဆိပ်ထဲတွင် အညောင်းအညာပြေ လျှောက်ကြည့် မိရာ လေဆိပ်တည်ဆောက်ပုံ ထူးခြားလှ သည်ကို

http://www.dhammadownload.com



တွေ့ရသည်။ လေဆိပ်အဆောက်အအုံမှာ သစ်ကိုင်းတွေ ဘေးသို့ဖြာ၍ အောက်သို့ညွှတ်ကျနေသော သစ်ပင်ကြီး တစ်ပင်ပုံသဏ္ဍာန် တည်ဆောက်ထားသည်။ အလယ်က ပင်စည်လုံးပတ်၏ အချင်းမှာ ၁၅ ပေခန့် ရှိဟည်ဟု ခန့်မှန်းရသည်။ အမြင့်မှာ အောက်မြေညီထပ်မှ အထက်သို့ ၃၅ ပေခန့် ရှိသည်။ ပထမထပ် အမြင့်မှာ ၉ ပေခန့် ရှိပေလိမ့်မည်။ သစ်ကိုင်းများ ဘေးသို့ဖြာထွက်ပြီး ညွှတ်ကျကာ အောက်မြေကြီးကို ထောက်နေသည့်သဖွယ် ဆောက်ထားသဖြင့် အမိုးနှင့် နံရံမှာ ခပ်ခုံးခုံးဖြင့် တဆက်တည်း ဖြစ်နေသည်။ အနီးစပ်ဆုံး ဥပမာ ပြရလျှင် အလွန်ကြီးမားသော ညောင်ပိန္နဲပင်ကြီးနှင့် တူလှသည်။ တနည်းအားဖြင့် ဒယ်အိုးကြီးတစ်လုံးကို အလယ်က ဒေါက်ထောက်ခါ မှောက်ထားသည့်ပုံမျိုး ဖြစ်သည်။

ပထမထပ်မှာ အလယ်က ပင်စည်ကို မထိစေပဲ ပင်စည်မှ ပတ်ပတ်လည် ၃ ပေခန့် ခွါထားပြီး ပတ်ပတ်လည် လက်ရမ်းကာထား၍ အောက်မြေညီထပ်ရှိ ဈေးဆိုင်များ လူများ ပျားပန်းခတ်မျှ သွားလာနေသည်ကို တွေ့နေ မြင်နေ ရသည်။ ပထမထပ်တွင် သက်ဆိုင်ရာ လေယာဉ် များသို့ ထွက်ပေါက်များ၌ ခရီးသည်များ စောင့်ဆိုင်း နားနေရန် နေရာများကို အခြား လေဆိပ်များမှာလိုပင် ၁၊ ၂၊ ၃၊ ၄ စသည်ဖြင့် Gateနံပါတ်များ တပ်ပေးထားသည်။

http://www.dhammadownload.com



အဆောက်အအုံမှာ အဝိုင်းကြီးဖြစ်၍ အဝိုင်းအလိုက် Gate နံပါတ်များကိုလည်း တပ်ပေးထားရာ မိမိစောင့်ရမည့် Gate နံပါတ်ကို ရှာဖွေရန် အလွန်လွယ်ကူသည်။

မြေညီထပ်၌ ပစ္စည်းမျိုးစုံရသော ဆိုင်မျိုးစုံရှိသည်။ သန့်ရှင်းရေး ရေအိမ်များလည်း မြေညီထပ်၌ပင် ရှိသည်။ ခရီးသည်များမှာ ပစ္စည်းဝယ်သူက နည်းနည်း၊ အပျင်းပြေ လျှောက်ကြည့်သော Window Shopping သမားက များပုံရသည်။ ခရီးသည်အများစုမှာ အာရပ်လူမျိုးများ ဖြစ်ကြသည်။ အိပ်လို့ကောင်းသည့် ညဉ့်သန်းကောင်ကျော် အချိန် ဖြစ်သော်လည်း မည်သူမျှ မအိပ်ကြ၊ ထိုင်ငိုက်နေသော ခရီးသည်ပင် မရှိ၊ စကားပြောရင်း လျှောက်ကြည့်ရင်းဖြင့် လေယာဉ်စောင့်ချိန်ကို ကုန်လွန်စေကြသည်။

နံနက်စော ၃ နာရီတွင် လေယာဉ်ပေါ် တက်ကြရသည်။ အာရပ်ဗ် အဲယားလိုင်း လေယာဉ်ပင်ဖြစ်၍ ဒူဘိုင်း–နိုင်ရောဘီ ခရီးအတွက် ထိုင်ခုံနံပါတ်ကိုလည်း ဗန်ကောက်လေဆိပ်ကပင် တခါတည်းပေးလိုက်သဖြင့် ထိုင်ခုံနံပါတ်လည်း တောင်းစရာမလိုတော့။ လေယာဉ် ပြောင်းစီးရာတွင် အဲယားလိုင်းတူလျှင် ခရီးအစမှာပင် ပြောင်းစီးရမည့် လေယာဉ်အတွက် ထိုင်ခုံနံပါတ်ကိုပါ တခါတည်း ပေးလိုက်ကြသည်။ မပေးလျှင်လည်း တောင်းလို့ရသည်။

http://www.dhammadownload.com



နိုင်ရောဘီလေဆိပ်သို့ နံနက် ၇ နာရီခန့်တွင် လေယာဉ်ဆိုက်သည်။ ထုံးစံအတိုင်း လူဝင်မှုကြီးကြပ်ရေးဌာနတွင် နိုင်ငံကူးလက်မှတ်ပြ၍ ပြည်ဝင်ဗီဇာ ထောက်ခံစာပါ ပြသောအခါ လေဆိပ်မှာပင် ဗီဇာထုတ်ပေးသည့်ဌာနသို့ ညွှန်လိုက်သည်။ ထိုဌာန၌ ဗီဇာတောင်းခံစာပုံစံကို ဖြည့်သွင်းနေစဉ်မှာပဲ မောင်စိုးမြင့် ရောက်လာကာ ဆက်လက်လုပ်ဆောင်စရာ ရှိသမျှကို ဗီဇာရပြီးသည်အထိ ဆောင်ရွက်လေသည်။ ဘုန်းကြီးတို့မှာ မလှမ်းမကမ်းရှိ ထိုင်ခုံများ၌ ထိုင်ကာ စောင့်ကြရသည်။ ဗီဇာကြေးမှာ တစ်ဦး အမေရိကန်ဒေါ်လာ ၃၀ ဖြစ်သည်။

အမှန်မှာ မောင်စိုးမြင့်အနေဖြင့် လေယာဉ်မဆိုက်မီ စောင့်ကြိုနေရန် ဖြစ်သော်လည်း လမ်းတွင် (Traffic Jam) ကားကြပ်နေသောကြောင့် အရောက် နောက်ကျသွားသည်။ အရေးထဲမှာ ကားရပ်ထားသည့်နေရာ (Car Parking) ၌ မောင်မဲတူ တစ်ယောက်က မောင်စိုးမြင့်ကို ကုလသမဂ္ဂ ဝန်ထမ်းမှန်း သိသဖြင့် အလုပ်ကပ်တောင်းနေပြန်ရာ ပို၍ နောက်ကျသွားရကြောင်း သိရ၏။

ဗီဇာကိစ္စပြီး၍ ပစ္စည်းများ ရွေးပြီးလျှင် အကောက်ခွန်ဌာနကို ဖြတ်လျက် ထွက်ခဲ့ကြ၏။ မောင်စိုးမြင့်၏ အိမ်သို့ ရောက်သောအခါ ၉ နာရီခန့် ရှိပေပြီ။ သူ၏ဇနီး မမြင့်မြင့်သန်းနှင့် သား နှစ်ယောက်ကို တွေ့ရ၏။ မမြင့်မြင့်သန်းလည်း ဘုန်းကြီး၏ တပည့်ပင်။

http://www.dhammadownload.com



**ထိုနေ့ကား ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့။ ကင်ညာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါး ပထမဆုံး ခြေချသောနေ့ဟု ဆိုရမည်ထင်သည်။ ထိုနေ့ မတိုင်မီက ကင်ညာနိုင်ငံသို့ ထေရဝါဒ ရဟန်းတော်များ မရောက်ဖူးသေးကြောင်း သိရ၏။**

ကင်ညာနိုင်ငံတွင် မြန်မာ လေးငါးယောက်သာ ရှိသည်။ မောင်စိုးမြင့်နှင့် မမြင့်မြင့်သန်းတို့ ဇနီးမောင်နှံနှင့် သူတို့ကလေး နှစ်ယောက်၊ ဆိုးမာလီနိုင်ငံမှ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များ ရုပ်သိမ်းသွားရသဖြင့် ရုံးလုပ်ငန်းများကို လက်စသိမ်းရန် ကျန်ရစ်ခဲ့သော မြန်မာ ဒကာ ဦးတင်မောင်ခင်နှင့် ဦးငြိမ်းရီ၊ ဦးငြိမ်းရီ၏ အမျိုးသမီး မပြုံးပြုံးစိန်တို့ ရှိကြသည်။ သူတို့ကား ဆိုးမာလီနိုင်ငံတွင် ဆက်လက်နေခွင့် မရှိကြ၍ ဆိုးမာလီရှိ ကုလသမဂ္ဂ ရုံးလုပ်ငန်းများကို ကင်ညာ၌နေ၍ လက်စသိမ်း လုပ်နေကြသူများဖြစ်သည်။

အာဖရိကနိုင်ငံများကို ပူပြင်းခြောက်သွေ့သော နိုင်ငံများဟု မှူလက မှတ်ယူခဲ့သည်။ ယခု နိုင်ရောဘီမြို့မှာမူ ပင်လယ်ရေမျက်နှာပြင်ထက် ပေသုံးထောင်ကျော်မြင့်၍ ရာသီဥတုမှာ ပြင်ဦးလွင်ရာသီဥတုနှင့် ခပ်ဆင်ဆင်ဖြစ်သည်။ ဆောင်းဦးရာသီမို့ နေလို့ကောင်းရုံမျှ အေးသည်။ တောတောင် ရေမြေလည်း သာယာစိုပြည်သည်။ မိုးထိုး

http://www.dhammadownload.com



တိုက်တာ အိမ်ယာများ၊ Department Store များ၊ Shopping Centre များဖြင့် ခေတ်မီတိုးတက်သောမြို့ဖြစ်သည်။ လမ်းများလည်း သပ်ယပ် ကောင်းမွန်သည့်လမ်းက များသည်။ တစ်နေရာသို့ ကားဖြင့်သွားမည်ကြံလျှင် ကားမကြပ်မည့်လမ်း၊ ကားမကြပ်မည့် အချိန်ကိုကြိုတင် ရွေးချယ်၍ သွားရသည်။ မြို့တွင်းမြို့ပြင် မည်သည့်နေရာမှာမဆို လမ်းဘေးတွင် ကုန်းကြောင်းလျှောက်နေသောကင်ညာလူမျိုး မောင်မဲတူ မမဲတူများကို အများအပြားတွေ့ရသည်။ လေးငါးမိုင်ခရီးကို အသွားအပြန် ကုန်းကြောင်းလျှောက်၍ အလုပ်သွားကြကြောင်း သိရသည်။

မြို့တွင်း၌ လူလတ်တန်းစားများ နေသောရပ်ကွက်တွင် အိမ်များကို ငါးအိမ် ခြောက်အိမ် စသည်အိမ်ချင်းတွဲလျက် ဆောက်ထားသည်။ မြေယာချွေတာသည့်သဘော ဖြစ်ဟန်တူသည်။ ဝင်းတစ်ဝင်းတည်းတွင် ဆောက်ထားခြင်းဖြစ်၍ အိမ်ဝင်းထဲသို့ ဝင်ပေါက်တစ်ပေါက်သာ ရှိသည်။ ဝင်းပေါက်၌ လုံခြုံရေးအစောင့်တစ်ယောက် အမြဲရှိသည်။ ဖိလစ်ပိုင်၌မူ သူဌေးများနေသောရပ်ကွက်၌ ကြီးမားခန့်ညားလှသော အိမ်ကြီးများကိုရွာကြီးသဖွယ် သူ့ဝင်းနှင့်သူ ဆောက်ထားကြပြီးလျှင်အိမ်တိုင်း၏ ဝင်းတံခါးပေါက်၌ လုံခြုံရေးအစောင့် ထားရုံမျှမက ရွာအဝင်၌လည်း လုံခြုံရေးအစောင့်များ ချထားကြသည်။

http://www.dhammadownload.com



နိုင်ရောဘီသို့ ရောက်သည့်နေ့ နေ့လယ်တွင် တရားစခန်း ဖွင့်မည့် နေရာသို့ အဆင်ပြေ မပြေ ကြည့်ရှုရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းရန် မောင်စိုးမြင့်နှင့် သွားကြသည်။

တရားစခန်း တည်ရာဌာနမှာ မြို့စွန်တစ်နေရာမှ ခရစ်ယာန်သီလရှင်ကျောင်း ဖြစ်သည်။ Missionary Benedictine Sisters ဟု ခေါ်သည်။ တရား အားထုတ်မည့်သူ ၁၅ ယောက် စာရင်းသွင်းထားသဖြင့် ၁၅ ယောက်စာ အိပ်ခန်းများ၊ တရားခန်းမနှင့် ထမင်းစားခန်းများ ကြိုတင်ငှားထားကြောင်း သိရသည်။ တရားစခန်း နေရာမှာ သန့်ရှင်း သပ်ရပ် တိတ်ဆိတ်၍ အလွန် အဆင်ပြေသည်။ တရားအားထုတ်ဖို့ သင့်တော်လျောက်ပတ်သော နေရာဖြစ်သည်။ ဘုန်းကြီးသီတင်းသုံးဖို့လည်း သီးသန့်အဆောင်ရှိသည်။

ထိုသီလရှင်ကျောင်းကို အုပ်ချုပ်သော သီလရှင်ကြီးများမှာ ဂျာမန်အမျိုးသမီးများ ဖြစ်ကြသည်။ သီလရှင်ဝတ်စုံများကို သန့်ရှင်းသပ်ရပ်စွာ သိပ်သိပ်သည်းသည်း ဗိုဗိုရီရီ ဝတ်ထားကြသည်။ တည်ကြည်ခန့်ညား၍ ဣန္ဒြေရကြသည်။ သို့သော်လည်း ရင်းနှီးဖော်ရွေသော မျက်နှာထားရှိကြသည်။ ခင်မင်ရင်းနှီးပြီးသော မိတ်ဆွေ သဖွယ် ဆက်ဆံကြသည်။ လိုအပ်သည်များကို ရင်းရင်းနှီးနှီး

http://www.dhammadownload.com



ဆွေးနွေးကြသည်။ ဘုန်းကြီးနှင့် ကပ္ပိယ ဒကာအတွက် အခန်း၊ စားသောက်ခ မယူ၊ လှူကြသည်။

တရားခန်းမ၊ ထမင်းစားခန်း၊ တရားစစ်မေးရာ အခန်း၊ ယောဂီများနေရန် အခန်းများကို စိတ်ရှည်လက်ရှည် လိုက်လံပြသကြသည်။ ယောဂီခန်းများတွင် အခန်းတိုင်း၌ ရေချိုးခန်းနှင့် ရေအိမ်များ တွဲလျက်ရှိသည်။ တရားခန်းမနှင့် မလှမ်းမကမ်းတွင် အများသုံး အဝတ်လျှော်ခန်း၊ ရေချိုးခန်းနှင့် ရေအိမ်များ ပြည့်စုံစွာရှိသည်။

တိုးတက်သော အရှေ့ အနောက် နိုင်ငံများ၌ 'မစောင့်နိုင်တဲ့ ဣန္ဒြေ ကြာကြာနေ ကျုပ်သေရပါလိမ့်' ဟု အဆိုရှိသော ချုပ်တည်း ထိန်းသိမ်းမရသည့် ဤသဘာဝကို အရေးတကြီးထား၍ စဉ်းစား စီစဉ်ကြသည်။ ဤ သဘာဝသည် ခရီးသွားရာ၌ ပို၍ အရေးကြီးသည်။ ထိုနိုင်ငံများ၌ အဝေးသွား လမ်းမကြီးများ (High Way) တလျှောက်တွင် ဓာတ်ဆီဆိုင်များ၊ ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များ တစ်ဆိုင်နှင့် တစ်ဆိုင် အလွန်မဝေးလှဘဲ တည်ရှိကြသည်။ ထိုဆိုင်များတွင် ခရီးသည်များအတွက် သန့်ရှင်းသပ်ရပ်သော ရေအိမ်များ ရှိကြသည်။

စားသောက်ဆိုင်များမှာ ခရီးသွားများ သုံးတတ်သည့် အသုံးအဆောင် စားဖွယ်သောက်ဖွယ် မျိုးစုံ ရနိုင်သော စတိုးဆိုင်များလည်း တွဲလျက်ရှိကြသည်။ ထိုဆိုင်မျိုး၌

http://www.dhammadownload.com



သန့်ရှင်းသော ရေအိမ်ခန်းများ လေးငါးခြောက်ခန်းထက် မနည်း ရှိကြသည်။ သန့်ရှင်းရေးစက္ကူလိပ်များလည်း အဆင်သင့်၊ လက် ဆေးကြော သုတ်သင်ရန် ကြွေ လက်ဆေးခွက်များလည်း ဆပ်ပြာနှင့်တကွ အဆင်သင့်၊ လက်ဆေးပြီး ရေသုတ်ရန် စက္ကူကြမ်းလည်း အသင့်သင့်၊ ဆပ်ပြာကို အခဲလိုက်မထားပဲ ဆပ်ပြာအပျစ်ကို ပလတ်စတစ် ပုံးကလေးဖြင့် ထည့်လျက် ချိတ်ထားလေ့ ရှိသည်။ ပုံး၏ အောက်ဘက်ရှိ အပေါက်ငယ်ကို လက်ဖြင့် ကပ်လိုက်လျှင် လက်ကို ဆပ်ပြာလူးပြီး ဖြစ်သွားသည်။

တချို့နေရာများ၌ လက်ဆေးကြော သန့်စင်ပြီး နောက် အပူငွေ့ အမြဲရှိနေသော ချိတ်ထားသည့် ပလတ်စတစ် ပုံးကလေး၏ အောက်ဘက်အပေါက်အနီးသို့ လက်ကို ကပ်လိုက်လျှင် အပူငွေ့ထွက်လာကာ ရေခြောက်သွားသည်။ လက်သုတ်ပုဝါ မလိုတော့။ ဤမျှ ဤသဘာဝအတွက် အခက်အခဲမရှိရအောင် စီစဉ် ထားကြသည်။

မြန်မာပြည်မှာမူ ဤသဘာဝအတွက် စနစ်တကျ မလုပ်နိုင်ကြသေး၍ ခရီးသွားလျှင် အလွန် ဒုက္ခရောက်ကြ သည်။ အပေါ့ အလေး နှစ်မျိုးအနက် အပေါ့အတွက်မူ သိပ် အရေးမကြီးလှ၊ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် လွယ်ကူစွာ ဖြေရှင်းလိုက်နိုင်ကြသည်။ ခရီးသည် တစ်ယောက်ယောက်က 'ဗျို့ ကားဆရာ၊ ကျန်းမာရေး

http://www.dhammadownload.com



လေးဗျို့'လို့ အော်လိုက်လျှင် ကားဆရာက လှူနေ အိမ်ခြေနှင့်ဝေးပြီး ကားလမ်းဘေး သစ်ပင် ချုံပုတ် ရှိရာ တစ်နေရာရာ၌ ကားကို ရပ်ပေး လိုက်သည်။ မအောင့်နိုင်သူ များ ကားပေါ်မှ ဆင်းကာ လမ်းဘေးချုံကွယ်, သစ်ပင်ကွယ်၌ ဖြေရှင်းလိုက်ကြသည်။ တချို့မှာ ကားနှင့် ခပ်လှမ်းလှမ်း တစ်နေရာရာ လှူမြင် ကွင်းမှာပင် ဘာအကာအကွယ်မှ မရှိဘဲ ခပ်တည်တည်နှင့် ထိုင်ကာ ရှင်းလိုက်ကြသည်။ သဘာဝကို သဘာဝနည်းနှင့် သဘာဝကျစွာ ဖြေရှင်းလိုက်ကြသည်။ လွယ်ကူပေစွ၊ ဘာပိုက်ဆံမှလည်း မကုန်ရ။ ဤ မြန်မာ့နည်း မြန်မာ့ဟန်သည် မြန်မာတို့အဖို့ အမြင်ရိုးနေ၍ အမြင်မဆိုး သော်လည်း နိုင်ငံခြားသားတို့အဖို့ အမြင်ဆိုးလှသည်။ ပြီးတော့ အမျိုးသားများအတွက် မထောင်းတာလှ ဟု ဆိုရစေကာမူ အမျိုးသမီးများအတွက် ခက်လှသည်။

ဟိုမြို့ သည်ရွာ စားသောက်ဆိုင်, လဘက်ရည်ဆိုင် ရောက်မှ အောင့်ထားရသည့်ဒုက္ခ ကို ဖြေချတော့မည် ဟု အားကိုးလို့လည်း မရ။ ထိုဆိုင်များ၌လည်း သန့်ရှင်း သပ်ရပ်သော ရေအိမ်မရှိ၊ ရှိသည့် ရေအိမ်မှာလည်း လူပေါင်းစုံ သုံးထားသောကြောင့် မြင်မကောင်း ရှုမကောင်း။

ယခုအချိန်၌မူ တချို့တလေ နေရာ၌ အတော်အတန် သပ်ရပ်သော ရေအိမ်များ ရှိကြောင်း သိရသည်။

http://www.dhammadownload.com



၁၉၉၆ မြန်မာခရီးသွားနှစ် မှာ လာကြမည့် နိုင်ငံခြားခရီးသည်တွေအတွက် ဤကိစ္စ အဆင်ပြေအောင် ကြိုးစားကြရဦးမည်။ ပြင်ဆင်ကြရဦးမည်။

လိုရင်းကို ပြန်ကောက်ရသော် အဆိုပါ သီလရှင်ကျောင်း၌ အဆောင်ပို၊ အခန်းပို၊ ခန်းမဆောင် အပိုများ ဆောက်လုပ်ထားခြင်းမှာ တစ်ဦးချင်း နှစ်ဦးချင်း ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ Meditation လုပ်လိုသူများ၊ အချိန်ပိုင်း ရက်ပိုင်း သင်တန်းပို့ချလိုသူများ၊ အစည်းအဝေး လုပ်လိုသူများအား ငှားရမ်းရန်ဖြစ်သည်။ တချို့ခရစ်ယာန်များလည်း တစ်ဦးချင်း Retreat လုပ်သည်ဆိုကာ တစ်လတန်သည် နှစ်လတန်သည် အခန်းငှား၍ မည်သူနှင့်မျှ မတွေ့ဘဲ အခန်းတွင်း၌ ဆုတောင်းခြင်း၊ သမ္မာကျမ်းစာကြည့်ခြင်း၊ သမ္မာကျမ်းစာထဲမှ အကြောင်းအရာများကို ဆင်ခြင် နှလုံးသွင်းခြင်း စသည် ပြုလုပ်ကြသည်။ ဒါကို Meditation ဟု ခေါ်ကြသည်။

နိုင်ရောဘီသို့ ရောက်ပြီး နောက်တစ်နေ့ မွန်းလွဲ ၂ နာရီခန့်တွင် မောင်စိုးမြင့်၏ မိတ်ဆွေ ဒတ်ချ် အမျိုးသမီးတစ်ဦးက သူ့ကားဖြင့် နိုင်ရောဘီ Wild Life Park ကို လိုက်ပြသည်။ မောင်စိုးမြင့်၏ ကလေးနှစ်ယောက်၊ ကပ္ပိယဒကာ ကိုဌေးဝင်းတို့နှင့် အတူ လိုက်ကြည့်ကြသည်။ နိုင်ရောဘီမြို့တော်နှင့် ၅ မိုင်ခန့်သာ ဝေးမည်ထင်သည်။

http://www.dhammadownload.com



မျောက်အမျိုးမျိုး၊ တောကြက်များ၊ တောဝက်များ၊ သမင်ငယ်များ၊ သစ်ကုလားအုပ်များ၊ ကြံ့များ၊ ငှက်ကုလားအုပ်များ လွတ်လွတ်လပ်လပ် သွားလာကျက်စား နေသည်ကို တွေ့ရသည်။ ခြင်္သေ့ ရှိသည် ဆိုသော်လည်း ခြင်္သေ့ကိုမူ မတွေ့ခဲ့ရ။ မြို့အနီးမှာရှိသည့် ဘေးမဲ့တော ဖြစ်သော်လည်း မျက်စိတစ်ဆုံးမက ကျယ်ပြန့်လှသည်။

တရားစခန်း မစ,မီ လေးရက်အချိန်ရသဖြင့် တရားပွဲနှစ်ပွဲဟောရန် စီစဉ်ထားကြသည်။ ပထမတရားပွဲ အပြီးမှာပင် တရာအားထုတ်လိုသူတွေ တိုးလာကြသည်။ ဒုတိယတရားပွဲ ဟောပြီးသောအခါ တရားအားထုတ်လိုသူများ ပိုမိုများပြားလာရာ သုံးဆယ်ကျော်မျှ ရှိလာသည်။ တာဝန်ခံများက တရားစခန်းတည်ရာ ခရစ်ယာန်သီလရှင်ကျောင်းသို့ သွား၍ ထပ်မံအခန်းငှားကြသည်။ အခန်းအား မရှိတော့ကြောင်း သိရသည်။ သို့ဖြင့် ယောဂီ သုံးဆယ်ကျော်မျှ အားထုတ်လိုပါလျက် ၁၅ ယောက်မျှသာ အားထုတ်နိုင်တော့သည်။ ယင်း ၁၅ ယောက်မှာ ဥရောပတိုက်သားများ၊ ကပြားများနှင့် ကင်ညာနိုင်ငံပေါက် အိန္ဒိယလူမျိုးများ ဖြစ်ကြသည်။ ကင်ညာလူမျိုး တစ်ယောက်မျှ မပါပေ။ ဆရာဝန်များ၊ လူမှုဝန်ထမ်း အရာရှိများ၊ ကုမ္ပဏီပိုင်ရှင်များ၊ ကွန်ပျူတာပညာရှင်များ ပါဝင်ကြသည်။

ထိုယောဂီများအတွက် ထေရဝါဒဝိပဿနာမှာ

http://www.dhammadownload.com



အစိမ်းသက်သက် ဖြစ်သည်။ ရှစ်ပါးဥပုသ် ဆောက်တည် စေလျှင် ညစာနှင့်ဝေး၍ ထွက်ပြေးကြလိမ့်မည်။ ထို့ကြောင့် အာဇီဝဋ္ဌမကသီလ ဆောက်တည်စေ၍ ညစာကို ကော်ဖီနှင့် ပေါင်မုန့်ထောပတ်သုတ် သောက်သုံးရန် ခွင့်ပြုရသည်။ အားထုတ်သည့်အခါမှာမူ စိတ်ဝင်တစား လိုလိုလားလား အားထုတ်ကြသည်။ ညွှန်ကြားသည့်အတိုင်း ကြိုးစား လိုက်နာကြသည်။

တရားစခန်း ပထမနေ့နှင့် ဒုတိယနေ့များတွင် တရားရှုမှတ်ပုံ အလုပ်ပေးတရားကို သဘောတရား အနည်းငယ်မျှသာ ထည့်သွင်း၍ လက်တွေ့အားထုတ်ပုံကို အလေးပေးကာ အသေးစိပ် ဟောရသည်။ နောက်နေ့တွေ ကျတော့ သတိပဋ္ဌာန်ဝိပဿနာ၏ သဘော အဓိပ္ပါယ်၊ ဝိပဿနာ အားထုတ်ခြင်း၏ အကျိုး၊ ခရီးရောက်အောင် အားထုတ်ပုံ အားထုတ်နည်းများကို ဟောပေးရသည်။ ယောဂီများ အားထုတ်မှု အခြေအနေကို ကြည့်၍ ဣန္ဒြေ ငါးပါး ထက်မြက်အောင် ပြုပြင်အားထုတ်ပုံ၊ ပဓာနိယင်္ဂတရား ငါးပါး နှင့် ပြည့်စုံအောင် ကြိုးစားပုံ၊ သမာဓိ ဖြစ်လာသည့်အခါ သဘာဝလက္ခဏာ, သာမည လက္ခဏာ တို့ကို သိရပုံ၊ အခြေခံဉာဏ်များ ဖြစ်ပေါ်ပုံ၊ ရှုမှတ်ရာတွင် သစ္စာလေးပါး၊ မဂ္ဂင် ရှစ်ပါး ပါဝင်ဖြစ်ပွါးပုံ စသည်များကို ရှင်းပြရသည်။

http://www.dhammadownload.com



တရားစခန်း သိမ်းသည့်နေ့တွင် ဗုဒ္ဓတရားတော်နှင့် ပတ်သက်၍ ယောဂီများ သိလိုသမျှကို ဖြေပေးသော မေးဖြေပွဲ ပြုလုပ်ပေးသည်။

တရားစခန်းပြီးတော့ နောက်နှစ်ကြွလာဦးမှာပါလား၊ မြန်မာပြည်ကို လာပြီးအားထုတ်လို့ရပါသလား စသည် မေးကြသည်။ နောက်နှစ် အကြောင်းညီညွတ်လျှင် လာနိုင်ကောင်း လာနိုင်ပါလိမ့်မည်။ မြန်မာပြည်ကို လာပြီး အားထုတ်နိုင်ပါသည်။ ယခုအချိန်မှာ လာလို့ လွယ်ကူပါသည်ဟု ဖြေခဲ့သည်။

အိန္ဒိယအမျိုးသမီးတစ်ယောက်က သူ့အိမ်မှာ သူ၏ ဟိန္ဒူကမ္မဋ္ဌာန်းဆရာ (ဂုရု) ကြီး၏ ဓာတ်ပုံရှိနေတော့ ဝိပဿနာကို အားထုတ်လို့ဖြစ်ပါ့မလားဟု မေးသည်။ ဖြစ်ကြောင်း ပြောပြတော့ "ကိစ္စမရှိဘူး၊ အဲဒီဓာတ်ပုံဖြုတ်ပြီး သိမ်းထားလိုက်မယ် " ဟု ပြောသည်။ တစ်ဦးကတော့ အနှစ် နှစ်ဆယ်ကျော် သောက်လာတဲ့ ဆေးလိပ် တရား ၇ ရက် အားထုတ်လိုက်တာနှင့် လုံးဝ ပြတ်သွားကြောင်း နောက်မှ ပြောပြသည်။

ကင်ညာနိုင်ငံပေါက် အသက် ၄၀ ခန့် အိန္ဒိယ အမျိုးသမီး တစ်ဦးမှာ တရားကို လွန်စွာ စိတ်ဝင်တစား အားထုတ်သည်။ သူမေးသည့် မေးခွန်း၌ သူ့အခက်အခဲကို တင်ပြ၍ မေးခွန်းထုတ်ထား၏။ သူသည် သူ မူလ

http://www.dhammadownload.com



ကိုးကွယ်နေသော ဘာသာတရားကို စွန့်လွှတ်၍ ဗုဒ္ဓဘာသာကို ပြောင်းလဲကိုးကွယ်လိုသည်မှာ ကြာမြင့်ခဲ့ပြီ။ သို့သော် သူ၏ခင်ပွန်းသည်မှာ ဗုဒ္ဓဘာသာဝင် မဟုတ်၍ တိတ်တိတ်ပုန်း သူ ငိုခဲ့ရသည့်အကြိမ် များလှပြီ။ စိတ် ဆင်းရဲလှပြီ။ သူစိတ်ချမ်းသာအောင် ဘာလုပ်ရမည်ကို အကြံပေးစေလိုကြောင်း တောင်းပန်လျှောက်ထားသည်။

သည် ယောဂီ စိတ်ချမ်းသာစေရေး ဤသို့ အဖြေပေးရသည်။ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူဖို့မှာ ဘာအခမ်းအနားမှ လုပ်စရာမလို၊ ဘယ်သူ့ထံ ဘာဝန်ခံချက်မျှလည်း လုပ်စရာမလို။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားတော်၊ရှင်တော်မြတ်၏ တပည့် သံဃာတော်တို့အပေါ် မိမိစိတ်တွင်းက ယုံကြည်နေလျှင် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်တော့သည်။ မိမိဗုဒ္ဓဘာသာဝင် ဖြစ်ကြောင်း သူတစ်ပါး သိအောင်ပြောပြစရာလည်း မလို၊ ကြေငြာစရာလည်း မလို။ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ယုံကြည်ကာ ဗုဒ္ဓ၏ တရားတော်များကို မိမိသိသမျှ လိုက်နာကျင့်သုံး နေဖို့သာ လိုသည်။ မိမိ၏ ယုံကြည်စိတ် ပိုမိုခိုင်မာပြီး မိမိစိတ်ထဲမှာ ကျေနပ်နှစ်သိမ့်နေစေရန် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ I take refuge in the Buddha. ဓမ္မံ သရဏံ ဂစ္ဆာမိ၊ I take refuge in the Dhamma. သံဃံ သရဏံ ဂစ္ဆာမိ၊ I

http://www.dhammadownload.com



**take refuge in the Sangha.** ဆိုတဲ့ သရဏဂုံ ကိုတော့ သတိရတိုင်း ရွတ်ဆိုရင် ပိုအကျိုးများပါသည်။ သည်လောက် ပြုလုပ်နိုင်ရင်ပဲ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ပါပြီ။ စိတ်ချမ်းသာရာ ရနိုင်ပါပြီ ဟု အဖြေပေးရသည်။

သည်အဖြေကို သည် ယောဂီ အလွန်ကျေနပ်၍ စိတ်ချမ်းသာနေပြီ ဖြစ်ကြောင်း နောက်ခါတွင် မောင်စိုးမြင့် လျှောက်ထား၍ သိရသည်။

တရားစခန်းပြီးတော့ Masai Mara National Wild Life Reserve မဆိုင်းမားရား ဘေးမဲ့တောကို သွားကြသည်။ နိုင်ရောဘီမြို့မှ တောရိုင်းတိရစ္ဆာန်ကြည့်ရန် အထူး စီစဉ်ထားသော ၇ ယောက်စီး နှစ်ဆန်းကားဖြင့် သွားကြရာ တစ်နံနက်ခရီး ဖြစ်သည်။ နိုင်ရောဘီမှ ၄၅ မိနစ်ခန့် မောင်းမိလျှင် ဆုံးစမထင်အောင် ကျယ်ပြန့်လှပြီး စိမ်းလန်း စိုပြည်သည့် မြက်ခင်းလွင်ပြင်ကြီးကို ဖြတ်ရသည်။ ဤ မြက်ခင်းလွင်ပြင်ကြီးကို ဖြတ်၍ ဖောက်ထားသော ကားလမ်းမှာလည်း ညီညာချောမွေ့လှသည်။ လမ်းဘေးဝဲယာတွင် တောမြင်းကျားများ၊ တောကျွဲများ၊ ဂဇယ် ခေါ်သည့် သမင်ငယ်များ၊ ဝိုင်းလ်ဒါးဘီ(တ်)ခေါ် ကျွဲတူ နွားတူ တိရစ္ဆာန်များ၊ တောဝက်များ စသည်ဖြင့် ထောင်သောင်းမကသော တောတိရစ္ဆာန်များ အအုပ်အသင်းလိုက် အေးဆေးစွာ အစာစားနေကြသည်ကို အနီးမှာ

http://www.dhammadownload.com



ရော အဝေးမှာပါ နေရာတိုင်းမှာ တွေ့ရသည်။ တချို့မှာ သူတို့အနီးမှ ကားဖြတ်မောင်းသွားသော်လည်း ကြောက်လန့်ခြင်းမရှိ၊ ခေါင်းထောင်၍ပင်မကြည့်၊ အစာကိုသာ အေးအေးဆေးဆေး စားမြဲစားနေကြသည်။

မဆိုင်းဆိုသည်မှာ ကင်ညာနိုင်ငံမှ လူမျိုးစုတစ်စု၏ နာမည်ဖြစ်သည်။ ယင်း မဆိုင်းလူမျိုးတို့နေရာဒေသကို မဆိုင်းဟုခေါ်၍ ထိုဒေသ၌ရှိသော ဘေးမဲ့တောကို မဆိုင်းမားရား ဘေးမဲ့တောဟု ခေါ်ခြင်းဖြစ်သည်။ လမ်းတစ်လျှောက်လုံး မဆိုင်းရွာငယ်ကလေးများ ဟိုနားသည်နား အနည်းငယ် တွေ့ရသည်။ ဆူးစည်းရိုး ကာထားသော လူတစ်ရပ်ခန့်ရှိသည့် ရွှံ့အိမ်ကလေးများ စုပြုံ ဆောက်ထားခြင်းဖြစ်သည်။ ပြောင်းဖူးခင်းများ အများအပြားတွေ့ရသည်။ တခြားသီးနှံ စိုက်ပျိုးသည်ကို မတွေ့ရ။ လမ်းဘေးတွင် မြန်မာပြည်မှာလိုပင် ပြောင်းဖူးမီးဖုတ် ရောင်းသူများ တွေ့ရသည်။ နွားအုပ်များနှင့် နွားကျောင်းသားများကို များစွာ တွေ့ရသည်။ နွားမွေးခြင်းသည် မဆိုင်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည်။ အသားစား၊ နို့သောက်၊ အသွေးသောက်ဖို့ နွားမွေးကြကြောင်း သိရသည်။ နွားအရှင်လတ်လတ်၏ လည်ပင်းတစ်နေရာတွင် ချွန်ထက်သော သံချောင်း၊ သို့မဟုတ် မြားဖြင့် ခပ်ဆဆ ထိုးဖောက်ပြီး သွေး အနည်းငယ်ခံယူကာ ရေနှင့်ဖြစ်စေ၊ နို့နှင့်ဖြစ်စေ ရော၍ သောက်ကြကြောင်း သိရသည်။

http://www.dhammadownload.com



ဘုန်းကြီးသည် ခရီးသွားစဉ် တောထဲတောင်ထဲ သစ်ရိပ် ဝါးရိပ်၌ ဆွမ်းဘုဉ်းပေးရသည်ကို နှစ်သက်၏။ ယခုလည်း ဆွမ်းဘုဉ်းပေးချိန်ကျ၍ အရိပ်ကောင်းသည့် သစ်ပင်ကို ရှာကြရာ အချိန်သာ ကုန်သွားသည်၊ အရိပ်ကောင်းသည့် သစ်ပင်ကိုကား မတွေ့ရ။ ကျယ်ပြန့်လှသည့် ဤ မြက်ခင်း လွင်ပြင်ကြီးတလျှောက် သစ်ပင်က ရှားလှသည်။ ရှိသမျှ ဟိုနားတစ်ပင် ဒီနားတစ်ပင် မှာလည်း နိမ့်နိမ့်ကလေးတွေသာ ဖြစ်၏။ အရွက်ကလည်း ကျိုးတိုးကျဲတဲမျှသာ ရှိ၏။ နောက်ဆုံးတွင် အနည်းငယ် မြင့်၍ အရွက်ခပ်စိပ်စိပ် ရှိသော သစ်ပင်တစ်ပင်ကို တွေ့ရာ ထိုသစ်ပင်ရိပ်၌ပင် ဆွမ်းဘုဉ်းပေးလိုက်ရ၏။ ထုံးစံအတိုင်းပင် ဆွမ်းဘုဉ်းပေးရသည်မှာ မြိန်လှ၏။ ဟင်းက စုံလည်းစုံ ဟင်းချက်ပုံကလည်း ကောင်းသောကြောင့်လား မသိပေ။

ဘုန်းကြီး ဆွမ်းဘုဉ်းပေးနေစဉ် မြက်ခင်းလွင်ပြင်ကြီး တစ်နေရာ၌ နွားအုပ်ကြီးအနီးတွင် တစ်ယောက်တည်း ပျင်းရိဖွယ်ရာ ရပ်နေသော နွားကျောင်းသားကို မောင်စိုးမြင့်က ငှက်ပျောသီးနှစ်လုံး သွားပေးလိုက်ရာ နွားကျောင်းသား မောင်မဲတူက သိုင်းကြူး ဟုဆိုကာ အင်္ဂလိပ်စကားလုံးဖြင့် တုံ့ပြန်ကျေးဇူးတင်လိုက်သည်။

မဆိုင်းအားရား ဘောမဲ့တောမရောက်မီ ၁၀ မိုင်ခန့်မှာ ကတ္တရာလမ်း မဟုတ်တော့၊ မြေနီလမ်းဖြစ်ပြီး နေ့စဉ်

http://www.dhammadownload.com



ကားပေါင်းများစွာ သွားလာထားသဖြင့် လမ်းကြမ်းလှ ဆိုးလှသည်။ ကားဘီးနေရာတွင် လှည်းလမ်းကြောင်းများလို ချိုင့်ဝင်နေသဖြင့် ကားမောင်းရ ခက်လှသည်။

ဘောမဲ့တောနယ်နိမိတ်အတွင်းသို့အဝင် ဂိတ်ပေါက်၌ ၁၅ မိနစ်ခန့် လက်မှတ်ထိုး၊ ဝင်ကြေးပေး၊ ပါမစ်ယူနေစဉ်မှာ ကင်ညာသူ မဆိုင်း မမဲတူတို့က သူတို့လက်ဖြစ် အမှတ်တရ ပစ္စည်းများကို ကားနားလာ၍ အင်္ဂလိပ်လို တရွတ်ရွတ် ပြောကာ အတင်းရော အမွှေပါ ရောင်းကြသည်။ ဝေးလံ သီခေါင်သော တောထဲတောင်ထဲအထိ အင်္ဂလိပ်စကား ပြောတတ်သူ အတော်များများ ရှိပုံရလေသည်။

သူတို့ရောင်းသော ပစ္စည်းများမှာ ပလတ်စတစ် ရောင်စုံတို့ဖြင့် ပြုလုပ်ထားသော သူတို့ဒေသသုံး အမှတ်တရ ပစ္စည်းများဖြစ်သည့် လက်ကောက်၊ လည်ဆွဲ၊ နားဆွဲ စသည်များနှင့် ဒေသထွက် ကျောက်ညိုဖြင့် ပြုလုပ်ထားသော တောကောင်၊ သားကောင် ရုပ်များ ငှက်ရုပ်များ ဖြစ်သည်။

သူတို့ဆွဲထားသော နားဆွဲများမှာ လုပဆန်းကြယ်ရုံမျှ မက ရှည်လည်းရှည်လွန်းလှ၏။ အတိုဆုံး ၁ ပေခန့်ရှိ၍ အရှည်ဆုံး ၃ ပေခန့်အထိ ရှိပေလိမ့်မည်။ နားပေါက်ကြီးတွေ ကလည်း အဆမတန် ကြီးလှ ကျယ်လှ၏။ နားပေါက် ကျယ်၍ တချို့နားပေါက်များမှာ ကြိုးကွင်းကဲ့သို့ အောက်သို့ တွဲကျနေ၏။ အမျိုးသမီးများရော အမျိုးသားများပါ နားဖောက်ကြ၏။

http://www.dhammadownload.com



ကားအနီးသို့ လာ၍ ဈေးရောင်းသော မမဲတူများမှာ အလွန် ဖွဲကောင်းကြ၏။ ငါတို့ ပစ္စည်းကို သည်ခရီးသည်တွေ ဝယ်ကိုဝယ်ရမည် ဆိုသော ဆုံးဖြတ်ချက် အနိုင်အမာနှင့် ရောင်းနေကြဟန် ပေါက်နေ၏။ သို့သော် ကားထဲမှ လူများက သူတို့ကို ဘာမျှမပြောကြ။ မမဲတူတို့ ကားထဲကို ပစ္စည်းများ အတင်းထိုးပေးကာ တရွှတ်ရွှတ် ရွှတ်ဆို ရောင်းချနေသည်ကို မြင်ပြင်းကပ်လာဟန် တူသော မောင်စိုးမြင့်၏ ၃ နှစ်သား သားငယ် ဘောဘီက We'll buy tomorrow ဟု ပြောလိုက်၏။ ဒို့များ မနက်ဖြန်မှ ဝယ်ကြမယ်၊ အခု သွားကြ ဟု ဆိုချင်ဟန် တူပါသည်။ သို့သော် မမဲတူတို့ကား အရေးမလုပ်ကြ။ ခဏ ကြာပြန်သော် ဘောဘီကပင် We have at home ဟု ထပြောပြန်သည်။ အဲဒါတွေ ဒို့အိမ်မှာ အများကြီးရှိတယ်၊ မဝယ်ဘူး ဟု ဘုတောလိုဟန်တူပါသည်။ မမဲတူတို့ကား ဖွဲ ကောင်းကောင်း နှင့် ရောင်းမြဲရောင်းလျက်၊ ဘုန်းကြီးတို့မှာ ဘောဘီ ကို သဘောကျလွန်း၍ ပြုံးနေရယ်နေ ကြရ၏။ မမဲတူတို့ကား ကားနားမှ မခွါကြ။ ကြာပြန်သော် ဘောဘီက နောက်ဆုံးပိတ် တစ်ခွန်းတည်းသော စကားကို အပြီးသတ် ပြောလိုက်၏။ No, thank you တဲ့။ နင်တို့လာရောင်းတာ ကျေးဇူး တင်ပါတယ်၊ ဒါပေတဲ့ ငါတို့ကတော့ ဘယ်တော့မှ မဝယ်ဘူး၊ ပြန်ကြလို့ ယဉ်ကျေးစွာ နှင်လွှတ်လိုက်ခြင်းပင်။

http://www.dhammadownload.com



သို့သော် မမဲတူတို့ကား မကြားဟန်ပြုနေ၏။ ကိစ္စအားလုံးပြီး၍ ကားထွက် သွားတော့မှပင် ကင်ညာစျေးသူ မမဲတူတို့ဘေးမှ ကင်းဝေးဝေး၏။

မမဲတူတို့က သူတို့ကို ဓာတ်ပုံရိုက်ဖို့လည်း ပြောကြ၏။ ဓာတ်ပုံအရိုက်ခံဖို့ တယ်ဝါသနာ ကြီးကြသကိုးဟု ထင်မိ၏။ သို့သော် ထိုအထင် တက်တက်စင် မှားလေ၏။ သူတို့ ဓာတ်ပုံအရိုက်ခံလိုခြင်းမှာ ဝါသနာကြောင့်မဟုတ်၊ ပိုက်ဆံကြောင့် ဖြစ်ကြောင်း နောက်မှ သိရ၏။ တချို့ ခရီးသည်များမှာ အမှတ်တရအဖြစ် မမဲတူတို့ကို ဓာတ်ပုံရိုက်ယူပြီးလျှင် ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ပိုက်ဆံများ ပေးသွားကြ၏။ ကြာလာသော် ဓာတ်ပုံ အရိုက်ခံလျှင် ပိုက်ဆံရသည်ဟု သဘောပေါက်လာသော မမဲတူတို့က ကင်ညာ စံပြမယ်များ အဖြစ် ဓာတ်ပုံ အရိုက်ခိုင်းကြတော့၏။ ဓာတ်ပုံရိုက်ပြီးလျှင်လည်း ပိုက်ဆံ အတင်း တောင်းကြတော့၏။ သူတို့ ဓာတ်ပုံ အရိုက်ခိုင်းတိုင်း ဘုမသိ ဘမသိ ကင်မရာ လက်ယားကာ ဓာတ်ပုံရိုက်မိ၍ မချိတရိ ခံခဲ့ကြရသော ခရီးသည် ငနဲသားများလည်း မနည်းပါးလှ ဟု သိရ၏။

ဘေးမဲ့တော နယ်နိမိတ်အတွင်းသို့ ဝင်မိလေပြီ။ တောဆိုသော်လည်း သစ်ပင်ကြီးကြီးမားမားလည်းမရှိ၊ များများလည်းမရှိ။ သစ်ပင်အလွန်ရှားသည်။ ရှိသမျှ ဟိုနား

http://www.dhammadownload.com



သည်နှား တစ်ပင်တလေကလည်း သန်သန်စွမ်းစွမ်းမဟုတ်၊ သေးသေးသိမ်သိမ် နိမ့်နိမ့်ကလေးများသာ ဖြစ်သည်။ အဆုံးအစမထင် မိုးကုတ်စက်ဝိုင်းအထိ မြင်ရသော ကြီးမားကျယ်ပြန့်သည့် မြက်ခင်းလွင်ပြင်ကြီးသာ ဖြစ်သည်။ တချို့နေရာ၌ သားကောင်များ ဝပ်လျက် ပုန်းနိုင် အိပ်နိုင် လောက်အောင်ရှည်သည့် မြက်တောများ ရှိသည်။ တစ်နေရာတွင် မြစ်ငယ်တစ်ခု စီးဆင်းလျက်ရှိရာ ထိုမြစ်ကမ်း တလျှောက်မှာတော့ သစ်ပင်မြင့်မြင့်ကြီးများနှင့် သစ်တော အုပ်များ ရှိသည်။

ဘောမဲ့တောအတွင်း၌ ၂မိုင်ခန့် ကားမောင်းမိသော အခါ ရွံ့ဗွက်အတွင်း ကားသက်ဆင်းကာ နွံနစ်လေတော့သည်။ ကားသမား ကင်ညာသား မောင်မဲတူမှာ ဤဘောမဲ့တောသို့ ကားမောင်းပို့ရင်း အကြိမ်ကြိမ် ရောက်ဖူးနေသူဖြစ်၏။ သို့သော်လည်း ဤတစ်ကြိမ်တွင် သူ့ကိုယ်သူ ယုံကြည်မှု လွန်ကဲသွားကာ ရွံ့ဗွက်မှန်း သိပါလျက် ရလိမ့်မည်အထင်နှင့် ဂီယာကို တအားကုန် တင်ကာ အကြမ်းမောင်းချလိုက်ခြင်း ဖြစ်၏။ ကားက သူထင်သလို တက်မလာပဲ ရွံ့ဗွက်ထဲခေါင်းစိုက်ကာ ရပ်သွားတော့၏။ နှစ်ကြိမ်မျှ ကြိုးစား၍ သူ ရုန်းကြည့်သေး၏။ ကားဘီးများက လှုပ်လေ မြုပ်လေ ဖြစ်နေ၏။ ကားဆရာ ဟင်း ..... ကနဲ သက်ပြင်းကြီး ချလျက် ပြုံးတစ်ဝက် မဲ့တစ်ဝက်ဖြင့် လက်လျှော့ လိုက်ရ၏။

http://www.dhammadownload.com



ဤခြေားမဲ့တောဌ် လေးဘီးစက်တပ် (4 Wheel Drive) လင်းရိုဗာအကြီးစား ရိန်းဂျား (Ranger) ကားများ လှည့်လည် စောင့်ရှောက်နေကြသည်မှာ အရေအတွက် မနည်းလှ၊ ကားဆရာသည် ကားပေါ်မှဆင်းကာ ဟိုကြည့် ဒီကြည့်ဖြင့် ရိန်းဂျားကားများ လာလေမလားဟု မျှော်ကြည့် နေ၏။ အချီးအနှီးပင်။ တစ်မိုင်ခန့်ဝေးသည့် နေရာတွင် ရိန်းဂျားကား သွားနေသည်ကို မြင်လည်း မြင်ရ၏၊ အသံလည်း ကြားရ၏။ သို့သော် သည်ဘက် လမ်းသို့ကား ရောက်မလာ။

ကားဆရာသည် သဘောကောင်းသလောက် ဖွဲလည်း ကောင်း၏။ မောင်စိုးမြင့်ကိုခေါ်ကာ နှစ်မိုင်ခန့်ဝေးသည့် စခန်းတစ်ခုသို့ ဆွဲကား အကူအညီတောင်းရန် ထွက်သွား၏။ သို့သော် ခြင်္သေ့ရန်က အချိန်မရွေး ပေါ်လာနိုင်သဖြင့် လက်ချည်းသက်သက် သွား၍မဖြစ်၊ အန္တရာယ်ကို ကာကွယ် ရန် လက်နက်တစ်ခုခု အသင့်ကိုင်ထားဖို့ လိုသဖြင့် တွေ့ရာ သံချောင်း၊ သံတူရွင်းများကို ကိုင်သွားကြရ၏။ ကားပေါ်၌ ကျန်ခဲ့သည့် ဘုန်းကြီးတို့အဖွဲ့ကို စိတ်မချသဖြင့် မည်သူမျှ ကားပေါ်မှ မဆင်းရန် မှာခဲ့သေး၏။ ကားဆရာ မမှာသော်လည်း မည်သူမျှ ကားပေါ်မှ ဆင်းကြလိမ့်မည် မဟုတ်။ ခြင်္သေ့က အချိန်မရွေး ရောက်လာနိုင်သည်။

စွံ့နစ်နေသည့်အချိန်အတွင်း ကားပေါ်မှ မဆင်းဝံ့ကြ၊ ကားအတွင်းမှာပင် နေကာ ပတ်ဝန်းကျင် မြက်ခင်းပြင်

http://www.dhammadownload.com



ကျယ်ကြီးတွင် ကျက်စားနေကြသည့် တောတိရစ္ဆာန်များကို ကြည့်နေကြရသည်။

တောတိရစ္ဆာန်များမှာ မျိုးစုံလှသည်။ များလည်း များလှသည်။ မြင်းကျား၊ သမင်ကြီး၊ သမင်ငယ်၊ Wilde beestကျွဲတူနွားတူ၊ Toppi တော့ပီခေါ်သည့် ဆတ်တစ်မျိုး၊ မြေခွေး၊ ခွေးအ၊ Hyena ဟုခေါ်သည့် ကြောက်စရာကောင်းသည့် တောခွေးကြီး၊ အစွယ်ငေါငေါနှင့် တောဝက်၊ သစ်ကုလားအုပ်၊ ခြင်္သေ့၊ ဆင်၊ Cheetah ခေါ်သည့် ကျားသစ်ငယ်တစ်မျိုး စသည်ဖြင့် များလှသည်။ Leop ard ခေါ်သည့် ကျားသစ်ကြီးများကား မရှိကြ။ ကျားသစ်ကြီးများမှာ သစ်ပင်ကြီး များများရှိသော တောများ၌သာ နေလေ့ရှိကြသည်။ ၎င်းတို့မှာ သစ်ပင်ပေါ်၌သာ အနေများကြသည်။ ဤ ဆားမဲ့တော၌ ကျားလည်းမရှိပေ။

တောခွေးကြီး (hyena) များမှာ လည်ပင်းရှည်သည်၊ ရှေ့လက်မြင့်၍ နောက်ခြေနိမ့်သည်။ ကျောတို့, နှုတ်သီးတို့, နားရွက်တို့၍ မျက်နှာပုပိုင်းဝိုင်းရှိကာ အလွန် ကြောက်စရာကောင်းသည့် မျက်နှာပေါက်ရှိသည်။ အမွေးမှာ အဝါဖျော့ဖျော့အရောင်၊ အဝါဖျော့ဖျော့တွင် အညိုအစင်းကျားနှင့် အညိုပြောက်အရောင် အရှိများသည်။ အလုံးအထည်မှာ သန်မာသော ဝံပုလွေလောက်ရှိသည်။ တစ်ချို့မှာ ဝံပုလွေ ထက်ပင် ကြီးမား ထွားကျိုင်းသေးသည်။ အသားစား

http://www.dhammadownload.com



တိရစ္ဆာန် ဖြစ်သည်။ ညဥ့်အခါ သူတို့အူလျှင် စိတ်မနှံ့သူ တစ်ယောက် ရယ်ပုံနှင့်တူကြောင်း ကမ္ဘာ့စွယ်စုံကျမ်းများက ဖော်ပြကြသည်။ ငယ်စဉ် တောရတိုက်မှာ နေစဉ်က ညအခါ ကျောင်းတိုက်နှင့် မလှမ်းမကမ်းတွင် လူရယ်သံနှင့် တူသော ခွေးအူသံကို လေးငါးကြိမ်မျှ ကြားရဘူးသည်။ အကောင်ကိုကား မမြင်ရ၊ အညာဒေသတွင် ၎င်းတို့ကို ခွေးအ သံကြောင်ဟု ခေါ်ကြသည်။ ၁၉၆၀ ခုနှစ်လောက်က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ နေစဉ် ကိုလံဘို တိရစ္ဆာန်ရုံ၌ ယင်းတောခွေးကြီး (hyena)ကို ကိုယ်တိုင်ကိုယ်ကျ စ,တင် မြင်ဖူးရသည်။

ယင်း hyena ကို ပါဠိတော်၊ အဋ္ဌကထာများ၌ 'တရစ္ဆ'ဟု တွေ့ရသည်။ တရစ္ဆကို မြန်မာက အောင်း၊ ခွေးကျား၊ သစ်၊ သစ်ကျုတ်၊ ခြသေ့်နက်၊ ဝက်ဝံအထူး စသည်ဖြင့် ရှေးဆရာတော်ကြီးများ အဆိုအမိန့်ကို မှီး၍ ဘာသာပြန် ကြသည် (တိပိဋက ပါဠိမြန်မာ အဘိဓာန်၊ အတွဲ ၉၊ စာမျက်နှာ ၂၈၁-၂)။ **အဘိမာနပ္ပဒီပိကာ၌** တရစ္ဆနှင့် အနက်တူ ပရိယာယ်ပုဒ်ကို မိဂါဒနော- သားကောင်စားသော သတ္တဝါဟု ပြသည်။ **အဘိဓာန်ဋီကာ၌** တရစ္ဆပုဒ်ကို ခွေးကြီး ပမာဏရှိသော၊ ခွေးနှင့် အမူအရာတူ၍ အနက်စင်း တို့ဖြင့် ဆန်းကြယ်သော ကိုယ်ရှိသော၊ လူများ, နွားများကို ညှဉ်းဆဲ သတ်ဖြတ်ခြင်းဌာ

http://www.dhammadownload.com



စွမ်းနိုင်သော၊ နှုတ်သီးတိုသော တိရစ္ဆာန်ဟု ဖွင့်သည်။ ပါဠိအင်္ဂလိပ် အဘိဓာန်၊ သက္ကတ အင်္ဂလိပ် အဘိဓာန် အမျိုးမျိုးတို့က တရစ္ဆကို(hyena) ဟု ဘာသာပြန်ကြသည်။ ထို့ကြောင့် ပါဠိ တရစ္ဆ၊ မြန်မာ အောင်း ဆိုသည်မှာ အထက်ဖော်ပြပါ တောခွေးကြီး Hyena ဖြစ်ကြောင်း သိမှတ်ရသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ ၃၊ စာမျက်နှာ ၄၀၈ ၌မူ (yak) ဟုခေါ်သည့် အမွေးဖွားဖွား တိဘက်နွားတို၏ ဓာတ်ပုံကို ဖော်ပြ၍ 'အောင်း ဟုလည်း ခေါ်တွင်သည့် စာမရီ' ဟု စာညွှန်း တပ်ထားသည်။ ရှေးက ရန်ကုန် တိရစ္ဆာန်ရုံ၌ တိဘက်နွား နှစ်ကောင်ရှိရာ ယင်းတို့ကိုလည်း 'အောင်း'ဟု ကမ္ပည်းတပ်ထားသည်ကို တွေ့ဖူးသည်။ မြန်မာ့စွယ်စုံကျမ်း လာအတိုင်း တပ်ထားခြင်း ဖြစ်ဟန် တူသည်။

တိဘက်နွားမှာ အန္တရာယ်ပြုတတ်သော တောရိုင်း တိရစ္ဆာန်မဟုတ်။ တိဘက်တို့ ဝန်တင်၊ ထွန်ယက်၊ အသားစား၊ နို့သောက်ရန် စသည်အတွက် မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်၊ တိရစ္ဆာန်အယဉ် ဖြစ်သည်။ ပါဠိတော် အဋ္ဌကထာများ၌ ပါသော တရစ္ဆ–အောင်း မှာ ယင်းနှင့် သဘာဝတူသော ဒီပိ–ကျားသစ်၊ အစ္ဆ–ဝက်ဝံ၊ သူကရ–တောဝက် စသည်တို့နှင့် ယှဉ်တွဲ၍ အန္တရာယ်ပြုတတ်သော

http://www.dhammadownload.com



တောရိုင်းတိရစ္ဆာန်အဖြစ် ဆိုထားခြင်းဖြစ်သည်။ ထို့ကြောင့် **တရစ္ဆ–အောင်း** ဆိုသည်မှာ ဟိုက်ယီန (hyena) ဟုခေါ်သော အထက်ဖော်ပြပါ **တောခွေးကြီးသာ** ဖြစ်ဖွယ်ရှိသည်။ **တိဘက်မြွား** ဖြစ်နိုင်ဖွယ်မရှိပေ။

**ဘုန်းကြီးတို့** နစ်ဆန်းကား သောမဲ့တောထဲ၌ ဆိုခဲ့သည့်အတိုင်း နွံနစ်နေစဉ် အောင်း(hyena) တစ်ကောင်သည် ကားနှင့် ခပ်လှမ်းလှမ်းမှ အရပ်လေးမျက်နှာ သို့ လှည့်ပတ်သွားလာနေသည်ကို မြင်နေရသည်။ လက်ဦးတွင် ကားကို ရန်ရှာလို၍ လှည့်ပတ်နေသည်ဟု ထင်မိကြသည်။ သို့သော် ခဏအကြာတွင် အရပ် လေးမျက်နှာမှ အောင်းတိရစ္ဆာန် ဆယ့်ငါးကောင်ခန့်သည် အဆိုပါအောင်း သွားရာဘက်သို့ ပြေးလိုက်သွားကြ၏။ အောင်းတို့ ပြေးလိုက်သွားရာဘက်သို့ ကြည့်လိုက်ရာ သုံးဖာလုံခန့်ဝေးသော ကုန်းကမူ တစ်နေရာတွင် ခြင်္သေ့ တစ်ကောင်သည် တော့ပီဟု ယူဆရသော သားကောင် တစ်ကောင်ကို ကိုက်သတ်ပြီးလျှင် ယင်းသားကောင်၏ ပေါင်တစ်ချောင်းကို ကိုက်ချီကာ သူ၏နေရာသို့ အေးဆေးစွာ တရွေ့ရွေ့ ပြန်သွားနေသည်ကို တွေ့ကြရ၏။ ထိုခြင်္သေ့ ထားခဲ့သော စားကြွင်းစားကျန်ကို အောင်းတို့က ဝိုင်းဝန်း စားသောက်နေကြ၏။ ထိုအခါကျမှ ပင် အဆိုပါအောင်းသည် ခြင်္သေ့၏ စားကြွင်းစားကျန်ကို စားရန် သူ့မျိုး သူ့ဆွေ အောင်းတွေကို လိုက်လံ နှိုးဆော်

http://www.dhammadownload.com



ဖိတ်ခေါ်နေခြင်းဖြစ်ကြောင်း သိရတော့သည်။ စားသောက်ပြီး ကြသောအခါ အောင်း တို့သည် မိမိတို့ နေမြဲနေရာသို့ အသီးသီး ပြန်သွား ကြတော့၏။

မိနစ် ၄၀ ခန့် ကြာသောအခါ မောင်စိုးမြင့်တို့နှင့်အတူ ကားကြီးတစ်စီးနှင့် တခြားမောင်မဲတူ သုံးယောက် ရောက်လာကြ၏။ သူတို့ကားဖြင့် နှစ်ကြိမ်သုံးကြိမ် ဆွဲကြည့်ကြ၏။ ဘုန်းကြီးတို့ကားမှာ လှုပ်ရုံမျှသာ လှုပ်၏၊ ရွှံ့ထဲမှ မတက်။ သူတို့ အလုပ်များနေကြစဉ် ဘုန်းကြီး၏ မျက်စိသည် အရပ်မြင့်မြင့် မောင်မဲတူ၏ နားဆီသို့ အမှတ်မထင် ရောက်သွား၏။ သူ့နားရွက် ဘာဖြစ်နေပါလိမ့်၊ ရုတ်တရက် အတွေးဝင်လာ၏။ သေသေချာချာ ကြည့်သော အခါ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မမြင်ဘူးသော အရာကို မြင်လိုက်ရ၏။ မောင်မဲတူသည် ကင်ညာလူမျိုးတို့ ထုံးစံအတိုင်း အလွန်ကျယ်၍ ကြိုးကွင်းသဖွယ် အောက်သို့ ရှည်လျားစွာ တွဲကျနေသော သူ့နားရွက် အဖျားကို လိမ်လျက် အထက်သို့ ပြန်ခေါက်ကာ သူ့နားပေါက်ထဲသို့ ပြန်သွင်းထားရာ သူ့နားနှစ်ဖက်လုံး ကြိုးထုံးနှစ်ခုသဖွယ် ဖြစ်နေ၏။ ဆန်းကျယ်လှပါပေသည်။ ထိုအချိန်မှ နောက်၌ ကင်ညာ အမျိုးသားများ၏ နားရွက်များကို ဂရုစိုက် ကြည့်မိရာ နားရွက်ထုံးသူ အတော်များများကို တွေ့ရ၏။ သူတို့ဓလေ့ထုံးစံ ဖြစ်ပုံရလေသည်။

http://www.dhammadownload.com



သူတို့ကားဖြင့် ဆွဲမရသောအခါ မောင်မဲတူတို့ ပြန်သွားကြပြီး လေဘီးစက်တပ် (4 Wheel Drive) ကားတစ်စီးကို လွှတ်လိုက်ကြ၍ ထိုကားဖြင့် ဆွဲတင်လိုက် တော့မှပင် ရွံ့တွင်းမှ လွတ်ကင်းကာ ကားလမ်းမြေမာပေါ်သို့ ရောက်သွား၏။ ဆက်လက်၍ ထိုနေ့ည စခန်းချရမည့် Governors' Camp (ဘုရင်ခံတို့၏ စခန်းသာ) သို့ မောင်းသွားသောအခါ လမ်းတစ်ဝက်တွင် စခန်းမှ ကားကြိုလာ၍ စခန်းဆီသို့ ဦးဆောင် လမ်းပြသွားသဖြင့် ညနေ ၄ နာရီခန့်တွင် စခန်းသို့ ရောက်သွားကြ၏။

စခန်း၌ ခြင်လုံသံဆန်ခါများ တပ်လျက် လုံလုံခြုံခြုံ အခိုင်အမာ ဆောက်ထားသော တစ်ယောက်အိပ်၊ နှစ်ယောက်အိပ် ရွက်ထည်တဲကြီးပေါင်း မြောက်များစွာကို တွေ့ရ၏။ တဲတိုင်း၌ ရေချိုးခန်းနှင့် အိမ်သာများ တွဲလျက်ရှိသည်။ စခန်းမှာ တာဝန်ရှိသည့် အတိုင်း စခန်းက ကားဖြင့် နေမဝင်မီ တောရိုင်းတိရစ္ဆာန် များကို လိုက်လံပြသ၏။ မြင်နေကျဖြစ်သော တောမြင်းကျားများ၊ ဂဇယ်ခေါ် သမင်ငယ်များ၊ တောဝ့ပီများကို တွေ့ရ၏။ ထူးခြားသည်မှာ ဆင်အုပ်ကြီးများနှင့် ခြင်္သေ့များကို အနီးကပ် ကြည့်ရခြင်းဖြစ်၏။ ခြင်္သေ့များမှာ ယဉ်ပါးသလို ဖြစ်နေ၏။ ဝပ်နေသော ခြင်္သေ့နှစ်ကောင် အနီးသို့ သုံးပေခန့် နီးသည်အထိ ကပ်၍ကြည့်သော်လည်း ခြင်္သေ့များမှာ

http://www.dhammadownload.com



ဣန္ဒြေမပျက်၊ လှည့်၍ပင် မကြည့်။ မလှုပ်မရှား ကြီးမားသော ဣန္ဒြေကြီးများနှင့် ခန့်ညားလှ၏။

နောက်တစ်နေ့ နံနက်မှာလည်း အတော်နှံ့ အောင် လိုက်ပြ၏။ မြစ်ကလေးအတွင်း၌ ရေကစားနေကြသော ရေမြင်း အကြီး အသေး အကောင် ၃၀ ခန့်ကို အနီးကပ် မြင်ရ၏။ ဖမ်းဆီး သတ်ဖြတ်ထားသော သားကောင် တစ်ကောင်ကို ဝိုင်းအုံစားသောက်နေကြသော Cheetah ခေါ်သော ကျားသစ်ငယ် မိသားစုကိုလည်း အနီးကပ် မြင်ရ၏။

နေ့ဆွမ်း စားအပြီးတွင် စခန်းမှထွက်ခဲ့ရာ ကားစက် ချွတ်ယွင်းသဖြင့် အထွက်ဂိတ် မရောက်မီ ၁၀ ကီလိုခန့် တွင် ရှိသည့် ဆရောဗ (Sarova) ဆိုသော စခန်း၏ ကားပြင် စက်ရုံတွင် ကားပြင်ရင်း ဘေးမဲ့တောထဲ၌ နောက်တစ်ည အိပ်ကြရ၏။

နောက်နေ့ နံနက် အပြန်ခရီးကို နံနက် ၈ နာရီတွင် စ,ထွက်ကြ၏။ အရင်နေ့ညက မိုးရွာထားသဖြင့် လမ်းဆိုး တော့မည်ကို ကြိုတင်သိထားသော ကားသမားများသည် တစ်စီးချင်းမထွက်ပဲ ကားအစီး ၂၀ ကျော် စုပေါင်း ထွက်ကြ၏။ 4 Wheel Drive ကားတစ်စီးကိုလည်း မေတ္တာရပ်ကာ အကူအညီတောင်းထား၏။

http://www.dhammadownload.com



ဘောမဲ့တောဂိတ်ဝမှ ထွက်မိ၍ နှစ်ကီလိုမီတာခန့် မောင်းမိလျှင်ပင် ကားများမှာ ဒယိမ်းဒယိုင်ဖြင့် အရက်မူးသမားလို သွားနေကြ၏။ မြေနီလမ်းမှာ မိုးရွာထားသဖြင့် ချောနေ၏။ ကားဘီးလမ်းများတွင် မြေတွေပျော့နေ၏။ ကားသမား မောင်မဲတူတို့ကား နိုင်နင်းကျွမ်းကျင်ကြ၏။ အမောင်းလည်း ရဲကြ၏။ ကြာလေလမ်းဆိုးလာလေဖြစ်ရာ ကားများသည် တခါတရံ လမ်းပေါ်တွင် တစောင်းကြီးပြေးနေကြ၏။ လမ်းပေါ်တွင် ကန့်လန့်ကြီး တင်နေသောကား၊ ခေါင်းနောက်ပြန်လည်သွားသော ကားများလည်း အများအပြားပင်။ ဗွက်နစ်နေသောကား၊ လမ်းဘေး တက်သွားသောကား စသည်ဖြင့် ဝရုန်းသုံးကား ဖြစ်နေ၏။ နောက်ဆုံး ဘယ်လိုမှ ဆက်မောင်း၍ မရတော့မှ အားလုံး တိုင်ပင်ထားသလို ရပ်လိုက်ကြ၏။ ကားများမှာ ကားလမ်းဘေး မြက်ခင်း လွင်ပြင်တွင် ဟိုတစင်း သည်တစင်း ပြန့်ကျဲနေ၏။ ခရီးသည်များကား စိတ်မပျက်သည့်အပြင် ပျော်၍ပင် နေကြ၏။

ခဏကြာမှ လေးဘီးစက်တပ် (4 wheel drive) ကားက တစ်စီးချင်း မြေမာရာသို့ဆွဲတင်ပေး၍ တချို့ကားများ ခရီးဆက်နိုင်ကြ၏။ သို့သော် ဆွဲကားမှာ တစ်စီးတည်းဖြစ်၍ ကားလေးငါးစီး ဆွဲပေးပြီးလျှင် သူ့ခရီးသူ ဆက်မောင်းသွားတော့၏။ ကျန်ကားများကို လူအားဖြင့်

http://www.dhammadownload.com



မြေမာလမ်းရှိရာသို့ တရွေ့ရွေ့တွန်းပို့ကြ၏။ လမ်းသစ်ရှာကြ၏။ ၂ နာရီခန့်ကြာမှ မြေမာလမ်းတစ်ခုကိုတွေ့၍ မောင်းကြည့်ကြရာ အဆင်ပြေသွား၏။ သို့သော်လည်း လမ်းချော်နေသဖြင့် ဖြည်းဖြည်းသာ မောင်းကြရ၏။ သို့ဖြင့် တစ်နံနက်သာ မောင်းရမည့်ခရီးကို တနေ့လုံးမောင်းမှ နိုင်ရောဘီသို့ ပြန်ရောက်ကြ၏။ နာရီကိုကြည့်လိုက်ရာ ည ၁၀ နာရီပင် ရှိနေပြီ။ ထိုနေ့ည တရားပွဲဟောဖို့ရာ တိဘက်တန် ဗုဒ္ဓဘာသာအသင်းက စာကြည့်တိုက် တစ်ခုတွင် စီစဉ်ထားရာ မဟောဖြစ်တော့ပေ။ တရားပွဲ ဖြစ်နိုင်မည် မဟုတ်ကြောင်း ကြိုတင် အကြောင်းကြားနိုင်ခဲ့၍ တော်သေး၏။

နောက်တစ်နေ့တွင် နိုင်ရောဘီ လေဆိပ်မှ လေကြောင်းဖြင့် တောင်အာဖရိကသို့ ခရီးဆက်ခဲ့၏။

တောင်အာဖရိကနိုင်ငံ ပီတာမရီဇဘတ်မြို့သို့ သွားရန်ဖြစ်၏။ နိုင်ရောဘီမှ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်ဇဘတ် မြို့တော်သို့ လေယာဉ်ဖြင့်သွားပြီးလျှင် ဂျိုဟန်နက်ဇဘတ်တွင် လေယာဉ်ပြောင်းစီး၍ ဒါဘန်မြို့ကို ခရီးဆက်ရမည်။ ပီတာမရီဇဘတ်နှင့် ဒါဘန်မှ မြန်မာ ဒကာများက ဒါဘန်လေဆိပ်ကို လာကြိုပြီးလျှင် ပီတာမရီဇဘတ်သို့ ကားဖြင့် ခရီးဆက်ရမည်။

လေယာဉ်သည် နိုင်ရောဘီမှ ၁ နာရီနောက်ကျ၍ ထွက်သဖြင့် ဂျိုဟန်နက်ဇဘတ်သို့ ရောက်သောအခါ

http://www.dhammadownload.com



ဒါဘာန်ကို ထွက်မည့် လေယာဉ်ထွက်ဖို့ရာ ၅ မိနစ်မျှသာ လိုတော့၏။ ဂျိုဟန်နက်ဇဘာတ်လေဆိပ်မှ အသင့် စောင့်ကြို နေသော ဒေါက်တာစိုးနိုင်က လေကြောင်းကုမ္ပဏီကို စောင့်ပေးဖို့ မေတ္တာရပ်ထားသောကြောင့်သာ ဒါဘာန် လေယာဉ်ကို မှီ လိုက်ခြင်း ဖြစ်၏။ ဂျိုဟန်နက်ဇဘာတ်မှ ဒါဘာန်သို့ ပျံသန်းချိန်ကား ၁ နာရီခန့်သာ ဖြစ်၏။

ဒါဘာန်လေဆိပ်၌ မြန်မာဆရာဝန် မိသားစု အတော်များများ လာကြိုနေသည်ကို တွေ့ရ၏။ ဒါဘာန်မြို့ တွင်းသို့ ရောက်သောအခါ ဒေါက်တာကျော်ဆန်း နှင့် ဒေါက်တာသင်းသင်းနွယ်တို့အိမ်၌ ၂ နာရီခန့်နားရ၏။ မြန်မာဆရာဝန် မိသားစုများ တစ်ဖွဲ့ဖွဲ့ ရောက်လာကာ ကန်တော့ နှုတ်ဆက်ကြ၏။ အလ္လာပ သလ္လာပစကား ဆိုကြရ၏။ သူတို့အထဲတွင် သိသူကျွမ်းသူ ရင်းနှီးသူလည်း ပါ၏။ မသိမကျွမ်းဘူးသေးသူလည်း ပါ၏။ သို့သော် အားလုံးမှာ ဆွေမျိုးတစ်ဦးကို ပြန်တွေ့ရ သကဲ့သို့ ဝမ်းသာနေကြ၏။ ပျော်နေကြ၏။

မကြာမီပင် တောင်အာဖရိကနိုင်ငံ ဗုဒ္ဓဘာသာ အသင်း၏ ဥက္ကဋ္ဌ မစ္စတာ မက်တ်ဆန် (Mr. Miles Mattson) ရောက်လာ၏။ မာကြောင်း သာကြောင်း၊ လမ်းခရီးအကြောင်း၊ မြန်မာနိုင်ငံအကြောင်း၊ မြန်မာပြည် ဗုဒ္ဓဘာသာအကြောင်း စသည် လျှောက်ထားမေးမြန်း

http://www.dhammadownload.com



ပြီးသောအခါ မစ္စတာမက်တ်ဆန်က မေလ ၁၃ ရက်နေ့၌ ဒါဘန်မြို့ တက်ခ်နီကွန်ကောလိပ် (Technikon College)၌ တောင်အာဖရိကနိုင်ငံ ဗုဒ္ဓဘာသာ အသင်းဝင်များအား ဝိပဿနာတရား ချီးမြှင့်ပေးပါရန် လျှောက်ထား၏။ မူလကပင် ကြိုတင်စီစဉ်ထားသော တရားပွဲ ဖြစ်၍ တရားချီးမြှင့်ရန် သဘောတူလိုက်၏။

ဒါဘန် မြန်မာမိသားစုများနှင့် တွေ့ဆုံပြီးသောအခါ ပီတာမရီဇဘတ်သို့ ကားဖြင့် လိုက်ပို့ကြ၏။ တိုးတက်သော နိုင်ငံတို့ သဘာဝအတိုင်း ဟိုက်ဝေးလမ်းမကြီးမှာ ကျယ်ပြန့် ချောမွေ့လှ၏။ ရာသီကအနည်းငယ် အေး၍ နေလို့ ကောင်းလှ၏။ ပတ်ဝန်းကျင်ကလည်း စိမ်းစိမ်းစိုစိုဖြင့် သာယာလှ၏။ ၁ နာရီခန့်မောင်းမိသောအခါ ပီတာမရီဇဘတ်မြို့ ဒေါက်တာသန့်စင်မိသားစု၏ အိမ်သို့ ရောက်ကြ၏။ ဒေါက်တာ သန့်စင်က သူ့အိမ် တစ်အိမ်လုံးကို ကျောင်းအဖြစ် လှူထား၏။

ပီတာမရီဇဘတ်ကား သမိုင်းတွင်သည့် မြို့ဖြစ်၏။ ဒုတိယ ကမ္ဘာစစ်မဖြစ်မီ မဟာတ္တမဂန္ဒီ နုစဉ်အချိန်က ဒါဘန်မှ ပရီတိုးရီးယားသို့ သွားရာတွင် ပီတာမရီဇဘတ်၌ ရထား ဆိုက်သောအခါ ဂန္ဒီကို မျက်နှာဖြူ မီးရထားရဲက ပထမတန်းတွဲထဲမှ တွန်းထုတ်ပစ်လိုက်၍ ဂန္ဒီ အကြီးအကျယ် ဒုက္ခရောက်ခဲ့ရ၏။ အသားအရောင် ခွဲခြားသည့်

http://www.dhammadownload.com



သဘောပင်။ ထို့ကြောင့် ဂန္ဒီ အထိမ်းအမှတ် ကြေးရုပ်ကြီး တစ်ရုပ်ကို ဤမြို့၌ ထုလုပ်ထားကြ၏။

ဒေါက်တာသန့်စင်၏အိမ်တွင် စောင့်ကြိုနေကြသော မြန်မာမိသားစုများကလည်း ဝမ်းသာနေကြ၏။ မြို့ခံ ဆရာဝန်များရော ရပ်ဝေးမှ တကူးတက လာကြသော ဆရာဝန်မိသားစုများပါ များလှ၏။ အလ္လာပ သလ္လာပစကား အနည်းငယ် ပြောကြားပြီးနောက် ဩကာသဖြင့် ကန်တော့၍ ငါးပါးသီလ ခံယူ ဆောက်တည်ကြ၏။ ကလေးရော လူကြီးပါ ပရိသတ်စုံလှ၏။ တချို့က ရင်းနှီးပြီးတပည့်တွေ ဖြစ်ကြ၏။ တချို့မှာမူ မသိဘူး မတွေ့ဘူးသေးသူများ ဖြစ်ကြ၏။ သို့သော် အားလုံးပင် ဆွေမျိုးရင်းချာတွေလို ဖြစ်နေ၏။ စကားပြောဆို လျှောက်ထား၍ မကုန်နိုင်အောင် ရှိနေ၏။ သည်တိုင်းသည်ပြည် တောင်အာဖရိက မြေပေါ်တွင် မြန်မာ သံဃာတော်ကို ဤအကြိမ်သည် ပထမဆုံး ဖူးရ မြင်ရသော အကြိမ်ဖြစ်၍ ဝမ်းသာမဆုံး ဖြစ်နေကြ၏။ ည ၁၀ နာရီ ခန့်တွင် မိမိတို့နေရာ တည်းခိုရာ အိမ်များသို့ အသီးသီး ပြန်သွားကြ၏။ ဘုန်းကြီး၏ ဝေယျာဝစ္စ ဆောင်ရွက်ရန် ဆရာဝန်ငယ် နှစ်ယောက်နှင့် ဘုန်းကြီးနှင့် အတူပါသည့် ဒကာတစ်ယောက်သာ တည်းကျောင်း၌ ဘုန်းကြီးနှင့် အတူ ကျန်ခဲ့၏။

http://www.dhammadownload.com

ရေနွေးနှင့် ရေမိုးချိုး သန့်စင်ပြီး အိပ်ရာဝင်ကြ၏။ အာဖရိကတိုက်၏ တောင်ဘက်အစွန်းဖြစ်၍ တောင်ဝင်ရိုးစွန်းနှင့် မဝေးလှသော ဤ တောင်အာဖရိက ဒေသ၌ မေလသည် ဆောင်းဝင်လဟု လျှောက်ကြ၏။ ပြင်ဦးလွင် ဆောင်းဝင်စထက်ပင် အေးသေး၏။ ညအခါ စင်တီဂရိတ် ဒီဂရီ ၈ အထိ အေးကြောင်း သိရ၏။ နေ့အခါ ၁၉၊ ၂၀ ရှိသည်ဆို၏။ ဝွမ်းကပ်ခြံမှ အအေးလုံကာ အိပ်လို့ရ၏။ ဇွန်၊ ဇူလိုင်လများသည် အချမ်းဆုံး အအေးဆုံးလများဟု သိရ၏။ စင်တီဂရိတ် ၄ အထိအေးကြောင်း လျှောက်ကြ၏။

ဘုန်ကြီးမှာ ခရီးပန်း မှုနှင့် ရာသီဥတု အပြောင်းအလဲ ဒဏ်ကြောင့် အနည်းငယ်အအေးမိကာ နှာတရှုံ့ရှုံ့ဖြစ်နေ၍ ဒေါက်တာတို့ ကပ်လှူသော အအေးမိပျောက်ဆေးကို စားသုံးလိုက်ရသေး၏။ နံနက် အရုဏ်ဆွမ်းကပ်ချိန်၌လည်း သီးမွေးခြုံထည်ကို ခြုံထားရ၏။

ဆွမ်းကပ်လိုသူတွေချည်း ဖြစ်နေ၍ မဲချပြီး အလှည့် ယူကြရကြောင်း သိရ၏။ ဆွမ်းကပ်သည့် အိမ်ကိုသာ မဲချခြင်းဖြစ်၍ ဆွမ်းကပ်သည့် အခါမှာမူ အရုဏ်ဆွမ်းရော နေ့ဆွမ်းပါ မဲကျရာအိမ်သို့ ယူလာကြကာ စုပေါင်း ကပ်ကြ၏။ ဆွမ်းဟင်းများ ပွဲမဆံ့၍ စားပွဲခုံနှစ်ခု ပြင်ကြရ၏။ အချိုပွဲလည်း များလှစွာ၏၊ ပွဲမဆံ့ပေ။ ဘုန်းကြီးမှာ ဝေဘူဆရာတော်ဘုရားကြီး၏ နည်းကိုယူကာ

http://www.dhammadownload.com



ဟင်းပွဲ အချိုပွဲစေအောင် တို့ရုံသာ တို့နိုင်၏။ ဒေါက်တာ တစ်ယောက်က "တပည့်တော် ဒီရောက်တာ ခြောက်နှစ် ရှိပါပြီ၊ ဒီခြောက်နှစ်အတွင်း ဒါဟာ သံဃာတော်ကို ပထမဆုံး ဖူးရခြင်း, ဆွမ်းကပ်ရခြင်းပါ ဘုရား" ဟု ဝမ်းနည်း ဝမ်းသာ လျှောက်ထား၏။

တောင်အာဖရိက ဒကာများ၏ ပင့်လျှောက်စာက နောက်ကျသဖြင့် သူတို့အတွက် သီးခြား အချိန် မပေးနိုင်၍ ကင်ညာနိုင်ငံမှ မျှပေးသောအချိန် ၄ ရက်သာ သူတို့ ရကြ၏။ သူတို့ထက် နောက်ကျမှပင့်သော ဇော့ဆွာနာ ကိုကား အချိန်မရတော့၍ မကြွဖြစ်တော့ပေ။

တောင်အာဖရိက၌ နေသည့် ၄ ရက်အတွင်း မြန်မာ မိသားစုများအား တရားပွဲ သုံးပွဲနှင့် နိုင်ငံခြားသားများအား တရားပွဲ နှစ်ပွဲ ဟောခဲ့ရ၏။

မေလ ၁၂ ရက်နေ့ မွန်လွဲပိုင်း၌ အိဆိုပို သို့မဟုတ် အိကိုပို (Ixopo) တရားရိပ်သာ၌ ဟောရ၏။ တရားပွဲ တစ်ပွဲမှာ အိဆိုပို (Ixopo) တရားရိပ်သာ၌ ဖြစ်၏။ ယင်းတရားရိပ်သာမှာ တောင်အာဖရိကနိုင်ငံ၏ အလွန် အေးလှသော တောင်ပေါ်တွင် မျက်နှာဖြူ ဗုဒ္ဓဘာသာဝင်များ တည်ထောင်ထားသော ရိပ်သာဖြစ်၏။

သည်နေရာမှာ ၁၉၉၅ခုနှစ် စက်တင်ဘာ မဟာသီ မဂ္ဂဇင်း၌ အာဖရိကရောက် စာရေးဆရာ ပြေဆေး(၂)

http://www.dhammadownload.com



ရေးသော **'တောင်အာဖရိက ဗုဒ္ဓသာသနာ'** ဆောင်းပါးမှ ကောက်နှုတ်ဖော်ပြရလျှင် ပို၍ ပြည့်စုံမည် ထင်ပါသည်။

"မြန်မာပြည်ကို ရောက်ဖူးတဲ့ တောင်အာဖရိက လူဖြူတစ်ယောက်က စ,တင် တည်ထောင်ခဲ့တဲ့ ပီတာ မရစ်ဇဘတ် မြို့နဲ့ ကီလို ၈၀ ဝေးတဲ့ ဗူးလူးနယ်ထဲက အီကိုပို မြို့လေးမှာ **The Buddhist Retreat Centre** ခေါ် ဗုဒ္ဓဘာသာ တရားရိပ်သာတစ်ခု ရှိပါတယ်။

"အဲဒီ တရားရိပ်သာဟာ တောင်ပေါ် မှာ ရှိတယ်။ တရားထိုင်ဖို့ အခန်းလေးတွေနဲ့ ဖွဲ့စည်းထားတယ်။ ဉာဏ်တော် ၁၅ ပေခန့်မြင့်တဲ့ သီဟိုဠ်(သီရိလင်္ကာ)ဟန် ဗုဒ္ဓ ဆင်းတုတော်ကြီး တစ်ဆူ ရှိပါတယ်။ ဂျပန်က ကမာကုရ ရုပ်ပွားတော်လိုပဲ မြက်ခင်းပေါ်မှာ တောင်တွေ တောတွေ နောက်ခံနဲ့ သပ္ပါယ်လိုက်တာ။ လက်ရာ ကလည်း ညက်တယ်။ ဒါတင် ဘာဟုတ်သေးလဲ။ ယိုးဒယား(ထိုင်း) က ပင့်ဆောင် လာတဲ့ ဗုဒ္ဓ ကြေးဆင်းတုတော် တစ်ဆူလည်း ဗူးလူးတဲဟန် ဂန္ဓကုဋီ တိုက်ထဲမှာ ကိန်းဝပ် စံပယ် နေပါတယ်။

"တစ်ခါ အရှင်ဥပဂုတ္တ ကျောင်း ဆောင်လေးလည်း ရှိတယ်။ ဟိုခပ်ဝေးဝေး တောင်ကြောမှာတော့ ဂျပန်ဟန် စေတီ တစ်ဆူကို ဖူးမြော်ရပါတယ်။ မွှာရုံလေး ထဲမှာတော့ ဗုဒ္ဓဝင် ပန်းချီ၊ ယွန်းပန်းချီ၊ ပိတ်ပန်းချီကားတွေ စုံလို့။

http://www.dhammadownload.com



တရားထိုင်ဖို့ရာ ထိုင်ဖုံလေးတွေလည်း သပ်သပ်ရပ်ရပ် စီရိလို့။

"တရားရိပ်သာမှာ ရှိနေကြတဲ့ တောင်အာဖရိက နိုင်ငံသား အဖြူတွေ၊ တစ်ခြားလူမျိုးတွေ သုံးဆယ်လောက်က ဆရာတော်ရဲ့ ဗုဒ္ဓ ဝိပဿနာတရားကို နာကြပါတယ်။ ဆရာတော်က အင်္ဂလိပ်လို ဟောပါတယ်။ တရားဟောအပြီး သူတို့ သိချင်တာတွေကို မေးကြပါတယ်။ ဆရာတော်က တည်တည်ငြိမ်ငြိမ် အေးအေး ဆေးဆေး ညင်ညင်သာသာနဲ့ မိန့်ကြား ပါတယ်။"

ယင်းရိပ်သာ၌ ပရိသတ် ၃၀ ကျော်တို့အား ဝိပဿနာ ဘာဝနာ အားထုတ်နည်းကို သဘောပေါက်ရုံမျှ အနည်းငယ် ဟောပြီးလျှင် သူတို့ မေးသော မေးခွန်းများကို ဖြေပေးခဲ့၏။ မေးခွန်းများမှာ လက်တွေ့ အားထုတ်မှုနှင့် ပတ်သက်သည့် မေးခွန်းများနှင့် မြန်မာပြည် ဗုဒ္ဓဘာသာ အခြေအနေကို မေးသော မေးခွန်းများသာ ဖြစ်၏။ သမထနှင့် ဝိပဿနာ ဘာဝနာ ခြားနားပုံ ကိုလည်း ဖြေခဲ့ရ၏။

မေ ၁၃ ရက်နေ့မှာမူကဆုန်လပြည့်နေ့ဖြစ်သဖြင့် တောင်အာဖရိကရောက် မြန်မာတို့ ကံ ကောင်းကြသည်ဟု ဆိုရပေမည်။ မြန်မာဘုန်းတော်ကြီး ကြွလာခိုက်နှင့် ကဆုန်လပြည့်နေ့ ကြုံတောင့်ကြုံခဲ ကြုံလာရ၏။ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်၍ မြန်မာမိသားစု များမှာ ကလေးရော လူကြီးပါ ပျော်ရွှင် တက်ကြွနေကြ၏။

http://www.dhammadownload.com



နံနက်စော ၄ နာရီခန့် ကတည်းက ငှားထားသော ခန်းမကျယ်ကြီးထဲသို့ မိမိတို့ ကိုးကွယ်သော ရုပ်ပွါး ဆင်းတုတော်များကို အသီးသီး ပင့်ဆောင်လာကြ၏။ ဘုန်းကြီး ခန်းမအတွင်းသို့ ရောက်သောအခါ ပရိသတ် အတော်စုံနေပေပြီ။ အနည်းဆုံး ၈၀ ခန့် ရှိမည်ဟု ခန့်မှန်း ရသည်။ တချို့မှာ ကီလိုမီတာ ရှစ်ရာ, တစ်ထောင်ခန့် ဝေးသော ဒေသများမှ တကြိုးတပမ်း လာကြပြီး စပ်ရာရာ မိတ်ဆွေသင်္ဂဟများအိမ်၌ ညအိပ်၍ ဗုဒ္ဓနေ့ကုသိုလ်ပွဲကို ဆင်နွှဲကြခြင်းဖြစ်သည်။ ဆင်းတုတော် များကို စင်မြင့်ပေါ်ရှိ စားပွဲအမြင့်ပေါ်၌တင်၍ ပန်း, ဆီမီးတို့ဖြင့် ပူဇော်ထားကြရာ ကြည်ညို ကြည်နူး ဖွယ်ရာ ရှိလှ၏။ ဆင်းတုတော်ပေါင်း သုံးဆယ်ကျော်မျှ ရှိမည်ဟု ခန့်မှန်းရ၏။ အိန္ဒိယဆရာဝန် ဇနီးမောင်နှံ ကလည်း သူတို့ကိုးကွယ်သော ဉာဏ်တော် ၂ ပေ သာသာရှိသည့် ဆင်းတုတော်ကို ပင့်ဆောင်လာကြ၏။

ပရိသတ်စုံလောက်သောအခါ ငါးနာရီခန့်တွင် ဆင်းတုတော်များကို အနေကဇာတင်ကြ၏။ ဘုန်းကြီး **အနေကဇာတိသံသာရံ** စသော ဂါထာကို ရွတ်ဆိုသောအခါ ပရိသတ်က အလွန်ငြိမ်သက်စွာ အာရုံပြု ကြည်ညိုနေကြ၏။ သူတို့ သန္တာန်၌ မြန်မာပြည်ကိုရောက်နေသလို ခံစား နေကြရဟန်တူ၏။ အနေကဇာ တင်ပြီးသောအခါ ဆွတ်ပျံ့ ကြည်နူးဖွယ်ရာ သာယာလှသော သာဓုခေါ်သံနှင့်

http://www.dhammadownload.com



ကြေးစည်သံ တို့ သည်  ပတ်ဝန်းကျင်  တလောကလုံးကို လွှမ်းဖုံး ပျံ့ နှံ့သွားလေသည်။

ထို့နောက် မဲကျရာအိမ်တွင် အရက်ဆွမ်းကို  တပျော် တပါးကြီး  စုပေါင်းကပ်ကြ၏။  ဆွမ်းဘုဉ်းပေးပြီးနောက် တည်းကျောင်း၌ ၁ နာရီခန့် နားကြ၏။ နံနက် ၈ နာရီခန့်တွင် အနေကဇာတင်ခန်းမ၌ တရားပွဲ စ,တင်ကျင်းပ၏။ အများ နားလည်နိုင်သည့် လိုက်နာကျင့်သုံးဖွယ်ရာ တရားဒေသနာ များကို  တရားအားထုတ်ပုံ  အနည်းအကျဉ်း  ထည့်သွင်း ဟောကြားရ၏။

တရားပွဲအပြီးတွင် ဘုရား, တရား, သံဃာ ရတနာ ဆာလောင်မွတ်သိပ်နေကြသည့်  မြန်မာဆရာဝန်များအား အဆာပြေအောင်  ဘုန်းကြီးကျောင်း  တည်ထောင်ဖို့ လိုကြောင်း နည်းကောင်းညွှန်ပြရာ အားလုံးသဘောကျကြ၍ ကြိုးစားကြမည်ဖြစ်ကြောင်း  လျှောက်ကြသည်။

နံနက်ပိုင်း အနေကဇာတင်ပွဲနှင့် တရားပွဲ ပြီးသော အခါ  နေ့ဆွမ်း  စုပေါင်းကပ်ကြ၏။  ဆွမ်းဘုန်းပေးပြီး တစ်နာရီခန့်  နားပြီးလျှင်  ဒါဘန်သို့  ထွက်ခဲ့ကြ၏။ ဒါဘန်တက္ကသိုလ် Technikon College ၌ ၂ နာရီခွဲတွင် တောင်အာဖရိက ဗုဒ္ဓဘာသာ အသင်းဝင်တို့အား တရား ချီးမြှင့်ရ၏။  တရားပွဲ  မစမီ  မိတ်ဆက်  အနေဖြင့် ဒေါက်တာသန့်စင်က  မြန်မာ  ဗုဒ္ဓဘာသာအကြောင်းနှင့်

http://www.dhammadownload.com



ဘုန်းကြီး၏ ပြည်ပဓမ္မခရီးများအကြောင်း ရှင်းလင်းပြောပြ၏။

ဤတရားပွဲသို့ ပရိသတ် အတော် စုံစုံများများ တက်ရောက် နာကြားကြ၏။ ကပ္ပလီ နှစ်ယောက် သုံးယောက်လည်း ပါ၏။ ဝိပဿနာဘာဝနာကို သဘောတရားရော လက်တွေ့အားထုတ်နည်းပါ ခပ်စုံစုံ ကလေး ဟောခဲ့၏။

တရားပွဲအပြီး၌ ထုံးစံအတိုင်း မေးခွန်းများကို ဖြေပေးရ၏။ မေးခွန်းတစ်ခုမှာ ဗုဒ္ဓဘာသာက အလို အလျောက် ရုတ်တရက် ဉာဏ်အလင်းရခြင်း (Sudden Enlightenment) ကို လက်ခံပါသလား ဆိုသော မေးခွန်းဖြစ်၏။ အလိုအလျောက် ရုတ်တရက် ဉာဏ်အလင်း ရခြင်းကို ဗုဒ္ဓဘာသာက လက်မခံကြောင်း၊ ဝိပဿနာ ဘာဝနာကို အားထုတ်မှသာ ဉာဏ်အဆင့်ဆင့် တက်ပြီးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကြောင်း၊ ရုတ်တရက် ဉာဏ်အလင်း ရခြင်းမှာ ဈင်းဝါဒ၏ အယူအဆ ဖြစ်ကြောင်း၊ ဈင်း ဝါဒ၌လည်း ရင်ဇိုင်းဈင်းဂိုဏ်း၏ အယူဝါဒသာ ဖြစ် ကြောင်း၊ ဆိုတိုဈင်းဂိုဏ်းက ရုတ်တရက် ဉာဏ်အလင်း ရခြင်းကို လက်မခံကြောင်းဖြင့် အကျယ်တဝင့် ဖြေပေး ခဲ့သည်။

ဤတရားပွဲကိုလည်း ပြေဆေး(၂)က သူ့ဆောင်းပါး၌ အောက်ပါအတိုင်း မှတ်တမ်း တင်ထား၏။

http://www.dhammadownload.com



"ဆရာတော်ကြီးဟာ ဒါဘင်မြို့ Technikon College မှာ တောင်အာဖရိကနိုင်ငံ ဗုဒ္ဓဘာသာ အသင်းဝင်တွေကို ဝိပဿနာတရား ဟောပါတယ်။ ဒီပွဲမှာ ဒေါက်တာ သန့်စင်က မြန်မာ့ ထေရဝါဒ ဗုဒ္ဓဘာသာ သမိုင်းနဲ့ ဆရာတော်ကြီးရဲ့ သာသနာပြု လုပ်ငန်း အကြောင်းတွေကို ရှင်းလင်း ပြောပြသွားပါသေးတယ်။

"ဆရာတော်ကြီးက တရားထိုင်နည်း အမျိုးမျိုး အနက် သမထကမ္မဋ္ဌာန်း တရားရှုမှတ်နည်း၊ ဝိပဿနာနဲ့ သမထ မတူပုံကို အင်္ဂလိပ်လို ရှင်းရှင်းလေး ဟောသွားပါတယ်။ ကျွန်တော်ဖြင့် ဆရာတော်ကို ဖူးတွေ့ရ၊ ဆရာတော် ဟောတာတွေ ကြားနာရလို့ ကြည်ညို အံ့သြရပါတယ်။ အင်္ဂလိပ်လို တရား နာရတာ ဒါဟာ ပထမဆုံးပါပဲ။"

တရားပွဲသည် ညနေ ၄ နာရီခွဲတွင် ပြီးဆုံးသွား၏။ တရားပွဲ ပြီးလျှင် တပည့်ဆရာဝန်များက ဒါဘန်မြို့ကို လိုက်လံပြသကြသည်။

ဒါဘန်သည် တောင်အာဖရိက နိုင်ငံ၏ တတိယ မြို့တော်လည်းဖြစ်၊ ပင်လယ်ဆိပ်ကမ်း မြို့လည်းဖြစ်၍ ကြီးကျယ်၏။ စည်ကား၏။ ပင်လယ်ကမ်းခြေ တစ်လျှောက်တွင် လမ်းလျှောက်စရာ ကျယ်ပြန့်သော ကွန်ကရစ်စင်္ကြံများ၊ လေညှင်းခံစရာ ထိုင်ခုံများ၊ လှပသော သစ်ပင်

http://www.dhammadownload.com



ပန်းပင်များ၊ အဆောက်အအုံကလေးများ၊ ဆိုင်များကို အစီအစဉ်တကျ ဆောက်လုပ် မွမ်းမံထားကြ၏။

မျက်နှာဖြူ အစိုးရများ လက်ထက်က ဤကဲ့သို့သော မြို့ကြီးများပေါ်သို့ မောင်မဲတူ မမဲတူတို့ မလာရ၊ ဥပဒေဖြင့် ကန့်သတ်ထား၏။ သို့ဖြစ်၍ မြို့ကြီးများမှာ စည်းကမ်းတကျ သာယာ လှပနေကြ၏။

၁၉၉၁ ခုနှစ်၌ **ဒီကလတ်ခ်**အစိုးရက အသားအရောင်ခွဲခြားရေး ဥပဒေများကို ရုပ်သိမ်းလိုက်၏။ ထိုအချိန်မှစ၍ လူမဲများလည်း လူ့အခွင့်အရေး တန်းတူရပိုင်ခွင့်ရှိလာကြ၏။ သို့ဖြင့် လူမဲတို့လည်း မြို့ပေါ်မှာ စိတ်တိုင်းကျ သွားနိုင်, လာနိုင်, နေနိုင်, ထိုင်နိုင်, လုပ်ကိုင်နိုင်ကြ၏။

တန်းတူ ရည်တူ အခွင့်အရေးများ ရလာခြင်း လွတ်လပ်စွာ ပြောဆို လုပ်ကိုင် နေထိုင်နိုင်ခြင်း စသော ကောင်းကျိုးများ ရှိသလို တစ်ဘက်ကလည်း ဆိုးကျိုးများ ဖြစ်ပေါ်လာ၏။

မြို့ကြီးများ၌ ခိုး၊ ဆိုး၊ တိုက်ခိုက်၊ လုယက်မှုများ များပြားလာ၏။ နေ့ခင်းကြောင်တောင်မှာပင် ကားကို အရပ်ခိုင်း၍ လုသည်အထိ ဖြစ်လာ၏။ နေဝင် မိုးချုပ်အချိန်ကစ,ပြီး အိမ်တံခါးလုံလုံပိတ်၍ အိမ်ထဲမှာသာ နေကြရ၏။ ညအခါတွင် ခြေကျင် လျှောက်လည်ဖို့ မဆိုထားနှင့် ကားစီး၍ပင် ထွက်ဝံ့သူနည်းကြ၏။ မထွက်ဘဲ

http://www.dhammadownload.com



မဖြစ်သည့်လူများကတော့ သတိကြီးကြီးထားကာ ထွက်ကြရ၏။ မြို့ပေါ်ရှိလမ်းများ၌ ညအခါ ကားရှင်းလှ၏။

ဖော်ပြခဲ့သည့် လေညှင်းခံရာ ဆိပ်ကမ်းသာများလည်း လူမဲတို့၏ အဝတ်အထည်ဆိုင်၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင်များဖြင့် ညဈေးတန်းအဖြစ်သို့ ပြောင်းလဲသွားကြ၏။ စက္ကူစုတ် အမှိုက်သရိုက်တို့ဖြင့် အရုပ်ဆိုးလာ၏။

ဒါဘန်မြို့ကို ဆိပ်ကမ်းသာက အစ အဆုံးစုံအောင် လှည့်လည်ကြည့်ရှုပြီးလျှင် ညနေ ၆ နာရီခန့်တွင် ပီတာမရစ်ဘာတ်သို့ ပြန်ခဲ့ကြ၏။

ထိုနေ့ ညနေပိုင်းတွင် တပည့်ဆရာဝန်များသည် စည်းဝေးတိုင်ပင်ကာ ကျောင်းဖြစ်မြောက်ရေး အခြေခံအဖွဲ့ ဖွဲ့လိုက်ကြ၏။ အဖွဲ့ ဖွဲ့ပြီးနောက် မြန်မာပြည်သို့ ခရီးလွန်နေသော သူတို့၏ ခေါင်းဆောင် ဆရာဝန် ဒေါက်တာစိုးသိန်းကို အကြောင်းကြား ကြသည်။ ချက်ချင်းပင် ဒေါက်တာစိုးသိန်း၏ ဖခင်က ကျပ် ၁၀ သိန်းနှင့်ညီမျှသော ဝတ္ထုငွေကို သူက မ,တည် လှူဒါန်းမည်ဖြစ်ကြောင်း ဆရာတော်အား လျှောက်ပေးပါဟု တယ်လီဖုန်းဖြင့် သတင်းပို့သည်ကို ဝမ်းမြောက်ဖွယ်ရာ မင်္ဂလာစကားကြားရသည်။ မင်္ဂလာနှင့်စသော တောင်အာဖရိက မြန်မာကျောင်းကား အစကောင်း နေပြီဖြစ်၍ အနှောင်း သေချာပေတော့မည်ဟု အားပေးစကား ပြောကြားရသည်။

http://www.dhammadownload.com



တောင်အာဖရိကာ၌ အလုပ်လုပ်နေကြသော မြန်မာများမှာ ဆရာဝန်တွေလိုလိုချည်း ဖြစ်ကြ၏။ တခြား အလုပ်အကိုင် ဟူ၍ အင်ဂျင်နီယာ တစ်ဦးသာရှိကြောင်း သိရ၏။ တစ်နိုင်ငံလုံး မြန်မာဆရာဝန် (မိသားစုပါ) ၂၀၀ နီးပါးရှိသည်ဟု လျှောက်ကြ၏။ ဤမျှ အင်အား တောင့်တင်းလျှင် နှစ်နှစ်အတွင်း ဘုန်းကြီးကျောင်း ဖြစ်နိုင်ဖွယ်ရှိကြောင်း ပြောရာ အများဆုံး လေးနှစ်အတွင်း ဖြစ်နိုင်အောင် ကြိုးစားပါမည်ဟု လျှောက်ကြ၏။ ကျောင်းမြေဝယ်သည့် အခါ စည်ပင်သာယာ ဥပဒေကျွမ်းကျင်သော ဝတ်လုံ တစ်ဦးဦးနှင့် တိုင်ပင်ပြီးမှဝယ်သင့်ကြောင်း စသည်ဖြင့် သတိထားရမည့် အချက်ကလေးများကို ပြောပြရ၏။

နောက်တစ်နေ့ (၁၄၊ ၅၊ ၉၅) အရုဏ်ဆွမ်း ဘုဉ်းပေးပြီးနောက် ဒါဘန်လေဆိပ်သို့ ထွက်ခဲ့ကြ၏။ ဒါဘန်မှ ဂျိုဟန်နက်ဇဘတ်သို့ လေယာဉ်ဖြင့် လာခဲ့ကြ၏။ ဂျိုဟန်နက်ဇဘတ်လေဆိပ်၌ ဒေါက်တာသိန်းဝင်း ဦးဆောင်သော ဒကာ ဒကာမများ စောင့်ကြိုကာ ဒေါက်တာသိန်းဝင်း၏ အိမ်သို့ ပင့်၍ နေ့ဆွမ်း ဆက်ကပ်ကြ၏။ ဂျိုဟန်နက်ဇဘတ်၌ မြန်မာ လေးငါးဦးသာ ရှိသည်။ ရပ်ဝေးမှ ဒကာ ဒကာမများ လာရောက် ဖူးမျှော် ကြ၏။ မတွေ့ရတာ နှစ်နှစ်ကျော်ကြာပြီဖြစ်သော တပည့် သွားဆရာဝန် ဒေါက်တာ ဦးတင်မောင်မောင်သည် ကီလိုမီတာ ခြောက်ရာကျော် အဝေးမှ လာကာ ဂျိုဟန်နက်ဇဘတ်၌ ဖူးမျှော်ရန် စောင့်နေ၏။

http://www.dhammadownload.com



ဆွမ်းစားပြီးလျှင် ဂျိုဟန်နက်ဇဘတ်လေဆိပ်သို့ ဆင်း၍ စက်ဘပူ အဲယားလိုင်းလေယာဉ်ဖြင့် ဗန်ကောက်သို့ ဦးတည်ကာ ပျံသန်းခဲ့၏။ လမ်းတွင် မောရစ်ရှနိုင်ငံနှင့် စက်ဘပူနိုင်ငံတို့၌ ခရီးနှစ်ထောက် နားခဲ့ရ၏။ ဗန်ကောက်မှ ကင်ညာနိုင်ငံသို့ လာစဉ်ကမူ အာရပ်ဗ်အဲယားလိုင်း လေယာဉ်ဖြင့် လာ၍ အာရပ်ဗ်ပြည်ထောင်စုသမ္မတနိုင်ငံ ဒူဘိုင်းလေဆိပ်၌ ခရီးတစ်ထောက် နားခဲ့ရ၏။

မေလ ၁၅ ရက်နေ့ နံနက် ဗန်ကောက်သို့ရောက်၍ ၁၇ ရက်နေ့တွင် တောင်ကိုရီးယားသို့ ခရီးဆက်ခဲ့၏။ ထို့နောက် ကနေဒါ၌ တရားစခန်းတစ်ခု၊ ဟဝိုင်ယီ၌ တရားစခန်းတစ်ခု၊ ဂျပန်နိုင်ငံ၌ တရားစခန်းတစ်ခု ဟောပြောပြသပြီးလျှင် ဇူလိုင်လ ၈ ရက်နေ့၌ ဗန်ကောက်သို့ ပြန်ရောက်ခဲ့၏။ ဇူလိုင် ၉ ရက်နေ့၌ ဗန်ကောက်တွင် နေ့ဆွမ်းဘုဉ်းပေးနေစဉ် တောင်အာဖရိက တပည့်ဆရာဝန် တစ်ယောက်ထံမှ တယ်လီဖုန်းလာ၍ နားထောင်ရ၏။ တပည့် ဆရာဝန်က သူတို့ အလှူငွေ ဒေါ်လာ ခြောက်သောင်း ကျော် ရနေပြီဖြစ်ကြောင်း၊ မကြာမီ ကျောင်းမြေ ဝယ်နိုင်တော့မည်ဖြစ်ကြောင်း၊ ဝတ်လုံတစ်ဦးကို ငှားရမ်း၍ စည်ပင်သာယာဥပဒေများကို လေ့လာနေကြောင်း စသည် အားရဖွယ်ရာလျှောက်ထား၏။ ထိုနေ့ညနေ မြန်မာပြည်သို့ ပြန်ခဲ့၏။

http://www.dhammadownload.com



ချမ်းမြေ့သို့ ပြန်ရောက်ပြီးနောက် ဇူလိုင်လ ၁၈ ရက် နေ့တွင် သတင်းကောင်းကြားသိရပြန်၏။ တောင်အာဖရိက နိုင်ငံ မြန်မာဗုဒ္ဓဘာသာအသင်း Myanmar Buddhist Association (South Africa) ကို စနစ်တကျ ဖွဲ့စည်း ပြီးကြောင်း၊ အဖွဲ့ငယ်များလည်း အသီးသီး ဖွဲ့စည်း ပြီးကြောင်း၊ မြန်မာကျပ်ငွေ ဆယ်သိန်းနှင့်ညီမျှသော အလှူငွေကို လှူပါမည်ဆိုသော အလှူရှင်က လက်တွေ့ လှူသောအခါ ဆယ်သိန်းမလှူဘဲ ဆယ့်ငါးသိန်းလှူကြောင်း၊ ကျောင်းမြေ ရှာဖွေရေးအဖွဲ့ငယ်ကလည်း ရှာဖွေ နေပြီ ဖြစ်ကြောင်း စာရွက်စာတမ်းများ လူကြုံပါးလိုက်သဖြင့် ဝမ်းမြောက်ဖွယ်ရာ ကြားသိရပြန်၏။

တဖန် ဩဂုတ်လ ပထမပတ်ထဲ၌ လူကြုံဖြင့် စာရွက်စာတမ်းများ ပို့လိုက်ပြန်ရာ သတင်းကောင်း ထပ်မံ ကြားသိရပြန်၏။ သင့်လျော်သည့် မြေနေရာများ တွေ့ရပြီ ဖြစ်ကြောင်း၊ တရားရိပ်သာတစ်ခု အနေနှင့် လိုအပ်သော အဆောက်အအုံများ၊ လိုအပ်သော မြေနေရာ အကျယ်အဝန်း စသည်များကို အတိုင်းအတာ ပုံစံနှင့်တကွ အကြံဉာဏ် ပေးပါရန် လျှောက်ထားကြပြန်၏။ နောက်တစ်ပတ်ခန့် ကြာသောအခါ အဖွဲ့မှတ်ပုံတင်ရန် ဖွဲ့စည်းပုံဥပဒေ တင်ပြ ရမည်ဖြစ်၍ ဥပဒေမူကြမ်းကို စိစစ် စစ်ဆေး ပြင်ဆင် ဖြည့်စွက်ပေးပါရန် ဥပဒေမူကြမ်းကို Fax ဖြင့်ပို့၍ တင်ပြ လျှောက်ထားကြပြန်၏။

http://www.dhammadownload.com



ဘုန်းကြီးကလည်း တောင်အာဖရိက မြန်မာ ဗုဒ္ဓဘာသာ အသင်းအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေနှင့်တကွ ကျောင်းဝင်း အနေအထားပုံစံ၊ ကျောင်း အဆောက်အအုံ ပုံစံများကိုပါ သက်ဆိုင်ရာ ဥပဒေပညာရှင်၊ ဗိသုကာပညာရှင်တို့၏ အကူအညီဖြင့် မြန်နိုင်သမျှ မြန်မြန် ရေးဆွဲပြီးလျှင် အောက်တိုဘာလ ၁၅ ရက်နေ့က လူကြုံဖြင့် ပို့ပေးလိုက်သည်။ ကူညီသူများမှာ ဥပဒေပညာရှင် ဒေါ်မြင့်မြင့်ခင်၊ မအေးအေး၊ ဗိသုကာ ဒေါက်တာ ဦးကျော်လတ်၊ မန္တလေးဘွဲ့တာကြီး ဗိသုကာ ဦးစိုင်းရီတို့ ဖြစ်ကြသည်။

တောင်အာဖရိကရောက် မြန်မာဆရာဝန်များကား လျှင်မြန် ထက်မြက် အလုပ်သွက်သော ဒကာများပါပေ။ တောင်အာဖရိက၌ နှစ်နှစ်မှ လေးနှစ်အတွင်း အကောင် အထည် ပေါ်ရမည်ဟု ခန့်မှန်းထားသော သာသနာ့ အဆောက်အအုံမှာ တစ်နှစ်မပြည့်မီအတွင်း အကောင် အထည် ပေါ်မည့် လက္ခဏာတွေပြနေ၏။

ဦးမဲတို့ဌာနေ တောင်အာဖရိက မြေမှာ ဗုဒ္ဓသာသနာ့ အခြေအနေကား အားရဖွယ်ရာ လျှင်မြန်စွာ ဖွံ့ဖြိုး တိုးတက် နေပေပြီဟု ဆိုရမည်လား မသိပေ။

ချမ်းမြေ့ဆရာတော်

၇၊ ၁၁၊ ၉၅

http://www.dhammadownload.com

# နောက်ဆက်တွဲ (၁)

## ကင်ညာနှင့် တောင်အာဖရိက မှတ်စု

## ကင်ညာနိုင်ငံ

| | |
|---|---|
| အမည် | ဂျမ်ဟုရီ ယ ကင်ညာ (Jamhuri Ya Kenya) |
| အကျယ်အဝန်း | ၂၂၄,၉၆၀ စတုရန်းမိုင်။ |
| တည်နေရာ | အာဖရိကတိုက်၏ အရှေ့အလယ်ပိုင်း၊ အိန္ဒိယသမုဒ္ဒရာ၏ ပင်လယ် ကမ်းရိုးတန်းပေါ်တွင် တည်ရှိ၍ အီကွေတာပေါ်၌ ကျရောက်သည်။ |
| အိမ်နီးချင်းနိုင်ငံများ | အရှေ့ဘက်၌ ဆိုမာလီ၊ တောင်ဘက်၌ တန်ဇာနီးယား၊ အနောက်ဘက်၌ ယုဂန္ဓာ၊ မြောက်ဘက်၌ ဆူဒန်နှင့် အီသီယိုပီးယား နိုင်ငံတို့ ရှိကြသည်။ |

http://www.dhammadownload.com



**လူဦးရေ** ၂၅,၂၄၂,၀၀၀ (၂၅ သန်းကျော်)၊ အာဖရိကန်လူမဲ ၉၈ ရာနှုန်း (လူမျိုးစုပေါင်း ၄၀ ကျော်) နှင့် အိန္ဒိယ, အာရပ်, ဥရောပလူမျိုးများ။

**ငွေကြေး** ကင်ညာရှီလင် (Kenya Shilling)

**ဘာသာတရား** ပရိုတက်စတင့် ၃၀ ရာနှုန်း၊ ရိုမင်ကက်သလစ် ၂၈ ရာနှုန်း၊ ရိုးရာနတ်ကိုးကွယ်မှု ၂၆ရာနှုန်း၊ ဟိန္ဒူ ၁၀ ရာနှုန်း၊ အစ္စလမ် ၆ ရာနှုန်း။

**ဘာသာစကား** ရုံးသုံးဘာသာစကား အင်္ဂလိပ်၊ အမျိုးသားဘာသာစကား ဆွာဟီလီ၊ အသုံးများသောဘာသာစကား ကီကုယု။

**မြို့တော်** နိုင်ရောဘီ (Nairobi)၊ လူဦးရေ ၁၂၀,၀၀၀။

**ဒုတိယမြို့တော်** မွမ်ဘာဆာ (Mombasa)၊ ၈၀၀,၀၀၀ ။

**ပထဝီအနေအထား** အရှေ့ဘက် ပင်လယ်ကမ်းမြောင်ဒေသသည် မြေဩဇာကောင်း၍ မုတ်သုန်သစ်တော များလည်း ရှိသည်။ အနောက်တောင်ပိုင်းတွင် နိုင်ငံ၏ အနောက်စပ် ဖြစ်သော ဝိတိုရိယရေကန်ကြီး အထိ မြေဩဇာကောင်းသောလယ်ယာ စိုက်ပျိုးမြေများ၊ မြက်ခင်းလွင်ပြင်များနှင့် သစ်တောများ ရှိသည်။ နွားစားကျက်မြက်ခင်း လွင်ပြင်များနှင့် သောမဲ့တောများကို

http://www.dhammadownload.com



ကျယ်ဝန်းစွာ ထိန်းသိမ်း စောင့်ရှောက်ထား သည်။ ပေ တစ်သောင်းခုနစ်ထောင်ကျော် မြင့်သော မောင့်ကင်ညာတောင်နှင့် ပေ တစ် သောင်းလေးထောင်ကျော် မြင့်သော မောင့် အယ်ဂွန်တောင်များ ပတ်ဝန်းကျင်၌ မီးတောင် ယောင်း မြေများသည် မြေဩဇာ ကောင်းလှ၍ အပူအအေးကို မျှတစေသည်။ မိုးရေချိန်ကိုလည်း များစေသဖြင့် လယ်ယာ စိုက်ပျိုးရေး အတွက် ကျေးဇူး များလှသည်။

စီးပွါးရေး လယ်ယာစိုက်ပျိုးရေး၊ ကော်ဖီ၊ နာနတ် စိုက်ပျိုးရေး၊ တိရစ္ဆာန် မွေးမြူရေး။ သယံဇာတ ပစ္စည်းများ — ရွှေ၊ ထုံးကျောက်၊ ဓာတ်သတ္တုနှင့် တောရိုင်းတိရစ္ဆာန်များ။ ပဓာန စက်မှုလုပ်ငန်းများ — အဝတ်အထည်၊ စည်သွတ်အစား အစာ၊ လူသုံးကုန်ပစ္စည်း၊ ရေနံ ချက်လုပ်ငန်း၊ ရေအားလျှပ်စစ် စီမံကိန်းနှင့် မြေအောက်အပူငွေ့ ထုတ်ယူရေး စီမံကိန်း တို့ကိုလည်း လုပ်ဆောင်လျက် ရှိသည်။ သွင်းကုန် — စက်ပစ္စည်း၊ ယာဉ်အပိုပစ္စည်း၊ ရေနံစိမ်း၊ သံနှင့် သံမဏိထွက်ပစ္စည်းများ။

ပို့ကုန်—ဓာတ်ဆီ၊ ရေနံထွက်ပစ္စည်း၊ သစ်၊ ကော်ဖီ၊

http://www.dhammadownload.com



လဘက်ခြောက်၊ သစ်သီးမျိုးစုံ၊ ဟင်းသီး ဟင်းရွက်။

**အစိုးရ** အခြေခံဥပဒေအရ ပြည်သူ့လွှတ်တော် တစ်ခုသာ ရှိသည်။ ၅ နှစ်တစ်ကြိမ် ပြည်သူက ရွေးချယ်တင်မြှောက်သော လွှတ်တော်အမတ် ၁၈၈ နှင့် အခြားနည်း ရွေးချယ်သော ၁၄ ယောက် အားဖြင့် လွှတ်တော်အမတ် ၂၀၂ ယောက်။ သမ္မတကို ပြည်သူ့ဆန္ဒဖြင့် ရွေးချယ် တင်မြှောက် သည်။ သမတ က ဝန်ကြီး အဖွဲ့ကို ဖွဲ့သည်။

**သမိုင်း** ကင်ညာနိုင်ငံသည် ၁၈၈၇ ခုနှစ်အထိ အာရပ်တို့၏ အုပ်ချုပ်မှုအောက်၌ ရှိခဲ့သည်။ ၁၈၈၇ ခုနှစ်မှစ၍ ဗြိတိသျှတို့လက်အောက် ရောက်ခဲ့သည်။ ဗြိတိသျှတို့က ကင်ညာနိုင်ငံ အတွင်းပိုင်းသို့ အိန္ဒိယအလုပ်ကြမ်းသမားများကို တစတစ သွင်းယူခဲ့သည်။ ဥရောပတိုက်သား မျက်နှာဖြူတို့ကိုလည်း မြေဩဇာကောင်းသော ဒေသဖြစ်သည့် ကုန်းမြေမြင့်ပိုင်းတွင် ဝင်ရောက် နေထိုင်စေသည်။ ယင်း ဒေသများသည် တိုင်းရင်း သား လူမျိုးစုတစ်စု ဖြစ်သည့် ကီကုယု လူမျိုးတို့၏ ဒေသဖြစ်၍ ဒေသခံ ကီကုယုလူမျိုး

http://www.dhammadownload.com



တို့က မကျေနပ်ကြ။ သို့ဖြင့် ၁၉၄၄ ခုနှစ်၌ ပထမဆုံး ကင်ညာအာဖရိကန် အမျိုးသားညီညွတ်ရေးပါတီ ပေါ်ပေါက်လာသည်။ ခေါင်းဆောင်မှာ ဂျိုမိုကင်ညတ္တ (Jomo Kenyatta) ဖြစ်သည်။

မကျေနပ်မှုများ တစတစ ကြီးထွားလာရာ ၁၉၅၂ ခုနှစ်တွင် မောမောလှုပ်ရှားမှု ဟု ခေါ်သော အကြမ်းဖက်ဝါဒသမားများ ပေါ်ပေါက်လာသည်။ မောမောလှုပ်ရှားမှုကို ဦးဆောင်သည် ဟူသော စွပ်စွဲချက်ဖြင့် ကင်ညတ္တကို ၁၉၅၃ ခုနှစ်တွင် ထောင်ချလိုက်သည်။ အခြေအနေကို ရိပ်စားမိသော ဗြိတိသျှအစိုးရသည် ၁၉၅၄ ခုနှစ်တွင် အာဖရိကန် လူမျိုးများ၏ အုပ်ချုပ်ရေးနှင့် လွတ်လပ်ရေးအတွက် ပြုပြင်ပြောင်းလဲရေးတွေ လုပ်လာရသည်။ ၁၉၆၁ ခုနှစ်တွင် ကင်ညတ္တကို ထောင်မှ လွှတ်လိုက်သည်။ ကင်ညတ္တသည် ကင်ညာအာဖရိကန်အမျိုးသားညီညွတ်ရေးပါတီကို ဆက်လက် ဦးဆောင်ကာ လွတ်လပ်ရေးရရန် ကြိုးပမ်းအားထုတ်သည်။ သို့ဖြင့် ကင်ညာနိုင်ငံသည် ၁၉၆၃ ခုနှစ်၌ လွတ်လပ်ရေးရ၍ ၁၉၆၄ ခုနှစ်တွင် ကင်ညာသမ္မတနိုင်ငံ အဖြစ် ပေါ်ပေါက်လာသည်။ ပထမဆုံး သမ္မတ မှာ ဂျိုမိုကင်ညတ္တ

http://www.dhammadownload.com

ဖြစ်သည်။ ၁၉၈၇ ခုနှစ်တွင် သမ္မတ ကင်ညွှာ ကွယ်လွန်သောအခါ ဒုတိယသမ္မတ ဒင်နီယယ်မွိုက် သမတ ဖြစ်လာသည်။

သမ္မတ မွိုက်သည် သူ၏ အာဏာတည်မြဲရေးအတွက် ကင်ညာအာဖရိကန်အမျိုးသားညီညွတ်ရေးပါတီ တစ်ခုတည်းသာ ရှိရမည်ဟု ဥပဒေထုတ်သည်။ အခြားသော မတရားမှုအမျိုးမျိုးကိုလည်း ပြုလုပ်သည်။ ထို့ကြောင့် ၁၉၉၁ ခုနှစ်၌ နိုင်ငံခြားအကူအညီများအားလုံး ရပ်ဆိုင်းသွားသည်။ သို့ဖြင့် ပြည်တွင်းပြည်ပ နှစ်ဖက်လုံးမှ ဖိအားပေးမှုကြောင့် ပြိုင်ဘက် နိုင်ငံရေးပါတီများကို တရားဝင် အသိအမှတ်ပြုခြင်း အပါအဝင် လျှော့ပေါ့မှု ပြုပြင်ပြောင်းလဲမှု အချို့ကို ပြုလုပ်ရသည်။

http://www.dhammadownload.com

# တောင်အာဖရိကနိုင်ငံ

အမည် တောင်အာဖရိက သမ္မတ နိုင်ငံ။
(Republic Of South Africa)

အကျယ်အဝန်း ၄၇၂,၄၄၀ စတုရန်းမိုင်။

တည်နေရာ အာဖရိကတိုက်၏ တောင်ဘက်အစွန်းတွင် တည်ရှိသည်။ အနောက်ဘက်တွင် အတ္တလန္တိတ် သမုဒ္ဒရာ၊ တောင်ဘက်နှင့် အရှေ့ဘက်တွင် အိန္ဒိယသမုဒ္ဒရာ တည်ရှိသည်။

အိမ်နီးချင်းနိုင်ငံများ အနောက်မြောက်ဘက်တွင် နမီဘီယား၊ မြောက်ဘက်တွင် ဘော့ဆွာနာ နှင့် ဇင်ဘာဘွေ၊ အရှေ့မြောက်ဘက်တွင် မိုဇမ်ဘစ် နှင့် ဆွာဇီလန် နိုင်ငံများ ရှိသည်။

လူဦးရေ ၄၀,၆၀၁,၀၀၀ (သန်း ၄၀ ကျော်)၊ ဇူးလူး၊ ဇိုဆာ စသော အာဖရိကန် လူမဲများ ၇၄ ရာနှုန်း၊ လူဖြူ ၁၄ ရာနှုန်း၊ ကပြား ၉ ရာနှုန်း၊ အာရှ တိုက်သား ၃ ရာနှုန်း။ လူဖြူ သုံးပုံနှစ်ပုံမှာ အာဖရိကန်နား (Afrikaner) ဟု ခေါ်သော ဒတ်ချ် အနွယ်ဝင် အာဖရိကတိုင်းရင်းသား မိုးဝါး

http://www.dhammadownload.com



များ ဖြစ်ကြသည်။ အာရှတိုက်သား ၃ ရာနှုန်း၌ အိန္ဒိယလူမျိုး အများဆုံး ပါဝင်သည်။

**ငွေကြေး** ရန် (Rand)

**ဘာသာတရား** ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလမ်နှင့် ရိုးရာနတ်ကိုးကွယ်မှု။ ခရစ်ယာန်က အများစုဖြစ်သည်။

**ဘာသာစကား** အင်္ဂလိပ်၊ **အာဖရိကာန်** ဟုခေါ်သော မိုးဝါး စကား၊ဇူးလူး၊ ဇိုဆာနှင့် အခြား အာဖရိကလူမျိုးစု စကားများ။ အင်္ဂလိပ်နှင့် အာဖရိကာန် (Afrikaans) စကားမှာ ရုံးသုံးစကားဖြစ်သည်။

**မြို့တော်များ** အုပ်ချုပ်ရေးမြို့တော် ပရီတိုးရီးယား၊ ဥပဒေပြုမြို့တော် ကိပ်တောင်း၊ တရားစီရင်ရေး မြို့တော် ဗလိုဝင်ဖွန်တိန်း။

**အခြားမြို့ကြီးများ** ဂျိုဟန်နက်စ်ဘတ်၊ ဒါဘန်၊ အိစ်ရန်၊ ပိုင်းတောင်း၊ ဝမ်းဒါးဘွန်း၊ ပို့အယ်လစ်ဇဘက်။

**ပထဝီအနေအထား** တောင်အာဖရိက သမ္မတ နိုင်ငံ၏ မြေမျက်နှာပြင်မှာ ကုန်းမြင့်လွင်ပြင်ကြီးဖြစ်၍ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၄၀၀၀ မှ ၆၀၀၀ အထိ မြင့်သည်။ များစွာသော မြေ အကျယ်အဝန်း၌ မြက်တို့သာ ပေါက်ရောက်ကြ သည်။ ထို့ကြောင့် မြက်ခင်းပြင်ကြီးများကို ကျယ်ဝန်းစွာ တွေ့ရသည်။

http://www.dhammadownload.com



အနောက်ဘက် အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းဘက်ရှိ ခြောက်သွေ့သော ကလာဟာရီဒေသ၌ အပင် ပေါက်ရောက်ခြင်း အလွန်နည်းပါးသည်။ အနောက်ဘက် ကမ်းခြေ တလျှောက်၌ သဲကန္တာရများ ရှိသည်။ အိန္ဒိယ သမုဒ္ဒရာကမ်းဘက်၌ မူ ကုန်းပြင်မြင့်သည် အရှေ့ဘက်သို့ တဖြည်းဖြည်း မြင့်တက်လာပြီးလျှင် ဒရာကင်စဗ်တောင်တန်းတွင် အဆုံးသတ် လေသည်။ ထိုတောင်တန်း၏ အရှေ့ဘက်၌ကား မြေပြင်သည် သမုဒ္ဒရာ ကမ်းခြေသို့ အရောက် အရှေ့ဘက်သို့ နိမ့်လျှောသွားပြန်သည်။ တောင်အာဖရိက သမ္မတနိုင်ငံ၏ အနောက်တောင် အရပ်ဒေသသည် ခြောက်သွေ့၏။ သို့ရာတွင် မြစ်ဝှမ်း များ၌ ရေမိုးအလုံအလောက် ရရှိသဖြင့် အပင်များ ကောင်းစွာ ပေါက်ကြ၏။ အရှေ့တောင်ဘက်မှာ မူကား မိုးပိုမိုရွာသွန်းသည်။ အပူဒီဂရီလည်း ပိုများသည်။ သို့သော် ပြည်ထောင်စု တစ်ခုလုံးအတွက် ခြုံ၍ ကြည့်လျှင် မိုးနည်းပါးသည်ဟု ဆိုရမည်ဖြစ်၏။ [မြန်မာ့စွယ်စုံကျမ်း။ အတွဲ ၅။ စာ ၁၀၈-၉]

တောင်အာဖရိက သမ္မတနိုင်ငံ၌ မြစ်ကြီးမြစ်ငယ် အသွယ်သွယ်ရှိရာ ကြီးမားသော မြစ်ကြီး

http://www.dhammadownload.com



တစ်ခုဖြစ်သည့် ဩရိန်းမြစ်သည် နိုင်ငံ၏ အရှေ့အလယ်ပိုင်းအတွင်းဘက်၌ တည်ရှိသော စတုရန်းမိုင် ၁၁,၇၂၀ မျှသာ ကျယ်သော လီဆိုသို နိုင်ငံကလေးတွင် မြစ်ဖျားခံ၍ အတွင်းပိုင်း ကုန်းမြေကိုဖြတ်လျက် အနောက်ဘက်သို့ မိုင်ပေါင်း ၁၃၀၀ ခန့် စီးဆင်းပြီးလျှင် အတ္တလန္တိတ် သမုဒ္ဒရာအတွင်းသို့ စီးဝင်သွား၏။

**စီးပွါးရေး** သယံဇာတ သဘာဝအရင်းအမြစ်များ ရွှေတွင်း၊ စိန်တွင်း၊ ကျောက်မီးသွေးတွင်း၊ ခဲမဖြူ၊ ခရိုမီယမ်၊ ပလက်တီနမ်၊ ယူရေနီယမ်၊ ဖေါ့စဖိတ်၊ အက်စ်ဗက်စ်စတော့ စသည်။ ပင်မလယ်ယာ ထွက်ကုန်များ ပြောင်းဖူး၊ ဂျုံ၊ ကြံ၊ သစ်သီးမျိုးစုံ၊ ဟင်းသီးဟင်းရွက်၊ သိုးမွေး။ ပဓာန စက်မှု ထွက်ကုန်များ ရွှေ၊ စိန်၊ ခရိုမီယမ်၊သံ၊ သံမဏိ၊ ဓာတုဗေဒ ပစ္စည်းများ၊ သကြား၊ဓာတ်မြေဩဇာ၊ မော်တော်ယာဉ် စက်ပစ္စည်း၊ အဝတ်အထည်။

ပြည်ပပို့ကုန်များ စိန်၊ ရွှေ၊ ဓာတ်သတ္တု၊ သံ၊ သံမဏိ၊ ဓာတုဗေဒ ပစ္စည်းများ၊ အစားအစာ။ သွင်းကုန်များ ယာဉ်အစိတ်အပိုင်းများ၊ စက်ပစ္စည်းများ၊ သံ၊ သံမဏိ၊ အဝတ်အထည်၊ ဓာတုဗေဒ ပစ္စည်းများနှင့် သိပ္ပံပညာဆိုင်ရာ ကိရိယာများ။ ပဓာနကုန်သွယ်ဘက် နိုင်ငံများ ဟောင်ကောင်၊

http://www.dhammadownload.com



ဂျပန်၊ အမေရိကန်၊ အင်္ဂလန်၊ ဂျာမဏီနှင့် အခြား ဥရောပဘုံဈေးနိုင်ငံများ။

အစိုးရ ၁၉၈၃ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းသော ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေသစ်အရ ပါလီမန်ကို သုံးခုခွဲထားသည်။ တစ်ခုမှာ မျက်နှာဖြူလူမျိုးများ အတွက်ဖြစ်၍ House of Essembly ဟုခေါ်၏။ နောက်တစ်ခုမှာ ကပြားများ (Coloured) အတွက် ဖြစ်၍ House of Representatives ဟုခေါ်၏။ တခြားတစ်ခုမှာ အိန္ဒိယလူမျိုးများအတွက်ဖြစ်၍ House of Delegates ဟုခေါ်၏။ House of Essembly ၌ အမတ် ၁၇၈ ယောက်၊ House of Representatives ၌ အမတ် ၈၅ ယောက်၊ House of Delegates ၌ အမတ် ၄၅ ယောက် အသီးသီးရှိကြသည်။

လွှတ်တော်သုံးရပ်က ခန့်အပ်လိုက်သော ရွေးချယ်ရေးအဖွဲ့ဝင် ၈၈ ဦးက သမ္မတကို ရွေးချယ်တင်မြှောက်ရသည်။ ယင်း ရွေးချယ်ရေး အဖွဲ့ကပင် သမ္မတကို ဖြုတ်ချလိုက ဖြုတ်ချနိုင်သည်။ ပါလီမန်၏ သက်တမ်းနှင့် သမ္မတ၏ သက်တမ်းမှာ ၅ နှစ်ဖြစ်သည်။ သမ္မတက ဝန်ကြီးအဖွဲ့ကို ဖွဲ့ရသည်။ သမ္မတသည် နိုင်ငံတော်၏ ဥက္ကဋ္ဌဖြစ်၍ ဝန်ကြီးအဖွဲ့၏

http://www.dhammadownload.com



ဥက္ကဋ္ဌလည်းဖြစ်သည်။ သမ္မတသည် လွှတ်တော် ၃ ရပ်ရှိ အမတ်များထဲမှ အမတ် ၆၀ ကို ရွေးချယ်၍ သမ္မတ၏ကောင်စီကို ဖွဲ့ရသည်။

လူမဲနယ်မြေ ၁၀ ခုမှ လူမဲတို့သည် မိမိတို့၏ ဥပဒေပြုအမတ်များကို မိမိတို့ဘာသာ ရွေးချယ်တင်မြှောက်ရသည်။ လူမဲတို့၏ အရေးကိစ္စများကို သမ္မတက စီမံခန့်ခွဲသည်။

သမိုင်း ကျောက်ခေတ်လူများဖြစ်ကြသော ခိုက်ဆန် (Khoi san) လူမျိုးများသည် မုဆိုးလုပ်ငန်းဖြင့် အသက်မွေးလျက် အေဒီ ၃ ရာစု မတိုင်မီ နှစ်ပေါင်း ၈၀၀၀ ခန့် တောင်ပိုင်း၌ အနှံ့အပြား လှည့်လည်နေထိုင်ခဲ့ကြကြောင်း သိရသည်။

အေဒီ သုံးရာစု လောက်တွင် တောင် အာဖရိက၏ အရှေ့ဘက်ကမ်းရိုးတန်းတလျှောက် နတဲ(Natal) နှင့် ထရန်စဗား(Transvaal) ဒေသများ၌ အခြေချ နေထိုင်ကြကြောင်း အထောက်အထားများ တွေ့ရသည်။

အေဒီ ၁၄ ရာစု ၌မှ တောင်အာဖရိက တခုလုံး အနှံ့အပြား လှည့်လည်နေထိုင်ကြရာ ဘာသာစကားအမျိုးမျိုး၊ ယဉ်ကျေးမှုအမျိုးမျိုး ကွဲပြားခြားနားလာခဲ့ကြသည်။ ခိုက်ဆန် (Khoi

http://www.dhammadownload.com



san) ဆိုသည်မှာ ဘွတ်ရှ်မင်း (Bushman) ဟု ခေါ်သော ဆန်လူမျိုးစုနှင့် ဟော့တင်တော့ (Hottentot) ဟု ခေါ်သော ခွိုက်ခွင် (Koikhoin) လူမျိုးစု နှစ်စုကို တပေါင်းတည်း ခေါ်သော ဝေါဟာရ ဖြစ်သည်။ လူမျိုးစုနှစ်စုသည် ပုံပန်းသဏ္ဌာန် သွင်ပြင်လက္ခဏာများ တူညီ ကြသည်။ အသားညိုဖြူ၍ ပစ်ဂမီ လူပုလေးများကဲ့သို့ အရပ်ပုကြသည်။

နီဂရွိုက် (Negroid) ဟုခေါ်သော ကပ္ပလီနီဂရိုးလူမျိုးများကလည်း မြောက်ဘက်မှ တဖြည်းဖြည်း ဝင်ရောက်နေထိုင်လာကြရာ အရှေ့တောင်ပိုင်း နတဲ (Natal) နှင့် ထရန်စကေး (Transkei) ဒေသအထိ ပျံ့နှံ့လာကြသည်။ ဤနီဂရိုးလူမျိုးတို့မှာ အသားမဲ၍ လူကောင်ထွားကျိုင်းကြသည်။ ၎င်းတို့ကို ဗန္တူ (Bantu) လူမျိုးဟုလည်း ခေါ်ကြသည်။ ဤ ဗန္တူလူမဲမျိုးစုတွင် ဇူးလူး (Zulu)ဘာသာစကားနှင့် ဇိုဆာ (Xhosa) ဘာသာစကားပြောသော လူမျိုးစုများ ယခုတိုင် ထင်ရှားကြသည်။

ဤ နီဂရိုးလူမဲတို့သည် ခွိုက်ဆန် လူမျိုးတို့ ဒေသတွင်းသို့ တဖြည်းဖြည်း တိုးဝင်မိကြ

http://www.dhammadownload.com



သောအခါ ခိုက်ဆန်တို့၏ ယဉ်ကျေးမှုနှင့် ဘာသာစကားအချို့ကို သူတို့၏ ယဉ်ကျေးမှု အတွင်းသို့ ပေါင်းစည်းစုပ်ယူလိုက်ကြသည်။

၁၄၈၈ ခုနှစ်၌ **ပေါ်တူဂီလူမျိုး** နယ်သစ်ရှာဖွေရေးသမား **ဗာတိုလိုမျူး ဒိုင်ယ** (Bartolomeu Dias)သည် အာဖရိကတိုက်၏ တောင်ဘက်ဆုံး အစွန်ဖြစ်သော **ဂွတ်ဟုပ်**(Good Hope) အငူကို ပထမဆုံးတွေ့ရှိခဲ့သည်။ ထိုဒေသ၌နေသော ခိုက်ဆန်လူမျိုးတို့အကြောင်းကို အနည်းအကျဉ်း သိရှိခဲ့သည်။ ဤသည်မှာ တိုင်းရင်းသား ခိုက်ဆန် လူမျိုးတို့အပေါ်၌ တိုင်းခြားသားတို့ ဩဇာ လွှမ်းမိုးခြင်း၏ အစဖြစ်သည်။

တဖန် **၁၄၉၇** ခုနှစ်၌ **ပေါ်တူဂီ** လူမျိုး ပင်ဖြစ်သော ပင်လယ်ခရီးသွား **ဗာစကိုဒါဂမ** (Vasco da Gama) သည် ဂွတ်ဟုပ် အငူကို တွေ့ရှိခဲ့ပြန်သည်။ သူသည် ဂွတ်ဟုပ်အငူကို လှည့်ပတ်ရွက်လွှင့်ရာ မကြာမီပင် အိန္ဒိယနိုင်ငံကို တွေ့ရှိသွားလေသည်။

ဤ ပင်လယ်ရေကြောင်းခရီးအတိုင်း နှစ်ရှည် လများ ပေါ်တူဂီတို့ အကြိမ်ကြိမ်ဖြတ်သန်းသွားလာနေသည့် အတောအတွင်း၌ တိုင်းရင်းသား

http://www.dhammadownload.com



ခိုက်ဆန်လူမျိုးတို့နှင့် မကြာခဏ တိုက်ပွဲကလေးများ ဖြစ်ကြရသည်။

၁၅၈၀ ခုနှစ်တွင် ဒတ်ချ်လူမျိုး **ကော်နဲလီဒီဟို့တ်မင်း** (Cornelis de Houtman) သည် အရှေ့ဘက်သို့သွားသော ရေလမ်းကို ရှာဖွေစဉ် **မိုဆယ်ဆွေ့** (Mossel Bay) သို့ ရောက်ခဲ့၍ ခိုက်ခွင်တို့နှင့် ကုန်ပစ္စည်းချင်း ဖလှယ်ခဲ့သည်။ ဤသည်မှာ တောင်အာဖရိကသို့ နောင်နှစ်ပေါင်း ၁၅၀ ခန့် အုပ်စိုးမည့် ဒတ်ချ်တို့နှင့် ပထမဆုံး ထိတွေ့မိကြခြင်း ဖြစ်သည်။

တစ်ဖန် ၁၆၅၂ ခုနှစ်၌ ဒတ်ချ် အရှေ့အိန္ဒိယကုမ္ပဏီမှ **ဂျန်ဗန်ရီးဘိစ်** (Jan Ven Riebeeck) သည် လူပေါင်း ၉၀ နှင့်အတူ **ကိပ်** (Cave) နယ်သို့ သင်္ဘောဖြင့် ရောက်လာပြီးလျှင် ထိုဒေသ၌ **ကိပ်ကိုလိုနီ** (Cape Colony) တည်ထောင်၍ နေထိုင်ကြလေသည်။ ဤသည်မှာ အာဖရိကမြေပေါ်၌ လူဖြူများ ပထမဆုံး အခြေချနေထိုင်ကြခြင်း ဖြစ်သည်။ ၁၆၈၈ မှ ၁၇၀၀ ခုနှစ်အထိ ပြင်သစ်များ တဖြည်းဖြည်း ဝင်ရောက်နေထိုင်ကြသည်။ ထိုအချိန်မှ စ၍ ကိပ်ကိုလိုနီဒေသသည် ဒတ်ချ်ပိုင် နယ်မြေများ ဖြစ်လာခဲ့သည်။

http://www.dhammadownload.com



၁၇၇၄ မှ ၁၇၇၉ ခုနှစ်အထိ တစတစ တိုးဝင်လာသော ကိုလိုနီသမား ဒတ်ချ်များနှင့် တိုင်းရင်းသား လူမဲများအကြား နယ်နိမိတ်လုသော စစ်ပွဲကလေးများ (Frontier Wars) မကြာခဏ ဖြစ်ပွါးခဲ့ကြသည်။

၁၇၉၅ ခုနှစ်၌ ဒတ်ချ်ပိုင် ကိပ်ကိုလိုနီကို ဗြိတိသျှတို့က ဝင်ရောက် သိမ်းပိုက်လိုက်ကြသည်။ ဒတ်ချ်ပိုင် နယ်မြေများ ပြင်သစ်တို့ လက်သို့ မကျရောက်စေရန် သိမ်းပိုက်ရခြင်း ဖြစ်သည်ဟု အကြောင်းပြကြသည်။ ကိပ်ကိုလိုနီကို ဗြိတိသျှတို့သည် ၁၈၀၃ ခုနှစ်အထိ သိမ်းပိုက်ထားကြသည်။

၁၈၀၃ ခုနှစ်တွင် ဗြိတိသျှနှင့် ပြင်သစ်တို့၏ အေမီယင်စာချုပ် (Treaty of Amiens) အရ ကိပ်ကိုလိုနီကို ဒတ်ချ်တို့ ပြန်လည် ရရှိကြသည်။ သို့သော် ၁၈၀၆ ခုနှစ်တွင် ဗြိတိသျှနှင့် ပြင်သစ်တို့၏ နယ်ချဲ့ရေးနှင့် စီးပွါးရေး မိုလ်လုပွဲတွင် ကိပ်ကိုလိုနီကို ဗြိတိသျှတို့က ဒုတိယအကြိမ် ပြန်လည် သိမ်းပိုက်လိုက်ကြပြန်သည်။

၁၈၁၄ ခုနှစ်၌မူ လန်ဒန် သဘောတူညီချက် (London Comvention) အရ ကိပ်ကိုလိုနီကို ဒတ်ချ်တို့က ဗြိတိသျှတို့ထံ အပြီးအပိုင် အပ်နှံလိုက်ကြရသည်။

http://www.dhammadownload.com



၁၈၂၀ မှ ၁၈၃၀ ခုနှစ်အထိ ၁၀ နှစ်ခန့် အတွင်း၌ စစ်လိုလားသော ဇူးလူးတို့ကြောင့် တိုင်းရင်းသားလူမဲအချင်းချင်း မိုလ်လုစစ်ပွဲပေါင်း မြောက်များစွာ သွေးချောင်းစီးမျှ ဖြစ်ပွါးခဲ့ကြသည်။

၁၈၂၄ ခုနှစ်တွင် ဇူးလူးဘုရင် ရှာက (Shaka)၏ နယ်ပယ်အတွင်း၌ ရှိသော ပို့နတဲ (Port Natal)၌ လူဖြူတို့ စ,တင် ဝင်ရောက် နေထိုင်ခဲ့ကြသည်။

၁၈၂၅ ခုနှစ်၌ ဇူးလူးဘုရင် ရှာက သည် အာဖရိက အရှေ့တောင်ပိုင်းတွင် ကြောက်မက်ဖွယ် ရာ အကောင်းဆုံး အင်အားဖြစ်သည့် ဇူးလူးနိုင်ငံကို တည်ထောင်လိုက်၏။

၁၈၃၄ ခုနှစ်မှစ၍ အာဖရိကန်နား (Afrikaner)ဟု ခေါ်သော ဒတ်ချ်အနွယ် မိုးဝါးတို့ သည် အတွင်းပိုင်းဖြစ်သည့် မြောက်ဘက်ဆီသို့ တဖြည်းဖြည်း ပြောင်းရွှေ့သွားကြပြီးလျှင် ၁၈၃၆ ခုနှစ်တွင် ယခု ဩရိန်းစတိတ် (Orange State) တည်ရာ ဒေသ၌ နယ်သစ် ထူထောင် နေထိုင်ကြလေသည်။ နှောင် ၄ နှစ်ကြာသောအခါ မိုးဝါးတို့သည် ထရန်းစဗား (Transvaal)နယ်ကို အာဖရိကန်သမ္မတနိုင်ငံဟု ကြေညာကာ တည်

http://www.dhammadownload.com



ထောင်လိုက်ကြလေသည်။ သို့သော် ထိုအချိန်၌ မိုးဝါးတို့က မြောက်အရပ်သို့ ရွှေ့ပြောင်းနေစဉ် တိုင်းရင်းသား ဓူးလူးလူမျိုးတို့က တောင်အရပ်သို့ ရွှေ့ပြောင်းနေကြသဖြင့် မိုးဝါးတို့နှင့် ဓူးလူးတို့ စစ်ဖြစ်ကြလေသည်။ ထိုစစ်သည် ၁၈၇၉ ခုနှစ် ရောက်မှ ရပ်စဲလေသည်။

၁၈၆၀ ခုနှစ်၌ ဗြိတိသျှတို့သည် မဒရပ်ပြည်နယ် မှ အိန္ဒိယအလုပ်သမား အများအပြားကို ကြံစိုက်ပျိုးရေး အလုပ်သမားများအဖြစ် နတဲပြည်နယ်၊ ဒါဘန်သို့ ခေါ်ဆောင်ခဲ့ကြသည်။ ယင်းသို့ တဖြည်းဖြည်း ခေါ်ဆောင်လာခဲ့ကြရာ ၁၈၈၆ ခုနှစ်တွင် အိန္ဒိယလူမျိုး ၂၉၈၂၈ ဦးအထိ ရှိလာခဲ့သည်။

၁၈၆၇ ခုနှစ်တွင် ဩရိန်းဖရီးစတိတ် ၌ စိန်တွင်းကို တွေ့ရှိကြသည်။

၁၈၇၇ ခုနှစ်၌ ဗြိတိသျှတို့သည် တောင်အာဖရိကန် သမ္မတနိုင်ငံကို ထရန်စဗား ကိုလိုနီအဖြစ် သိမ်းယူလိုက်ကြပြန်သည်။ ၁၈၈၀ ခုနှစ် ရောက်သောအခါ မိုးဝါးတို့သည် ထရန်စဗားနယ် လွတ်လပ်ရေးအတွက် ဗြိတိသျှတို့ကို တော်လှန်တိုက်ခိုက်ကြလေသည်။ ဤစစ်ပွဲကို ပထမ

http://www.dhammadownload.com



မိုးဝါးစစ်ပွဲ ဟု ခေါ်ကြသည်။ ၁၈၈၁ ခုနှစ်တွင် ပရီတိုးရီးယား သဘောတူညီချက် (Pretoria Convention) ကို လက်မှတ် ထိုးပြီးသောအခါ ထရန်စဗားနယ်ကို မိုးဝါးတို့ ပြန်လည်ရရှိကြသည်။ ၁၈၈၆ ခုနှစ်၌ ဝစ်ဝါတားဆရန် (Witwatersrant)၌ ရွှေတွင်းကို တွေ့ရှိကြပြန်သည်။

တစ်ဖန် ၁၈၉၉ ခုနှစ်၌ ဗြိတိသျှတို့သည် ထရန်စဗားနှင့် သြရိန်းဖရီးစတိတ် သမ္မတနိုင်ငံများကို တိုက်ခိုက်ကြပြန်သည်။ ယင်းစစ်ပွဲကို ဒုတိယမိုးဝါးစစ်ပွဲဟု ခေါ်ကြသည်။ ၁၉၀၂ ခုနှစ်၌ မိုးဝါးတို့ စစ်ရှုံးကြ၍ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုကြသည်။

ဗြိတိသျှတို့သည် ၁၉၁၀ ခုနှစ်၌ ထရန်စဗားပြည်နယ်၊ သြရိန်းဖရီးစတိတ်၊ နတဲပြည်နယ်နှင့် ဝွတ်ဟုပ် တို့ကို ပေါင်းစည်း၍ တောင်အာဖရိကပြည်ထောင်စုနိုင်ငံကို တည်ထောင်လိုက်ကြသည်။ မိုးဝါးလူမျိုးတစ်ဦးဖြစ်သော လူးဝစ်ဗိုလ်ထာက ပထမဆုံး ဝန်ကြီးချုပ် ဖြစ်လာသည်။

၁၉၁၂ ခုနှစ်၌ ဗလိုဖွန်ထိန်းတွင် တောင်အာဖရိကန်တိုင်းရင်းသား အမျိုးသားကွန်ဂရက်

http://www.dhammadownload.com



(South African Native National Congress) ပါတီကို တည်ထောင်လိုက်ကြသည်။ [နောက်ခါတွင် African National Congress (ANC) ပါတီဟု အမည်ပြောင်းလိုက်သည်။]

၁၉၂၁ ခုနှစ်၌ လူဖြူဆိုရှယ်လစ်များက တောင်အာဖရိကန်ကွန်မြူနစ်ပါတီကို တည်ထောင်ကြသည်။ ၁၉၂၃ ခုနှစ်တွင် တောင်အာဖရိကန်အိန္ဒိယလူမျိုးများကွန်ဂရက်ပါတီ လည်း ပေါ်ပေါက်လာသည်။

၁၉၂၅ ခုနှစ်၌မူ ဒတ်ချ်နွယ်ဝင် ဗိုးဝါးတို့၏ စကားသည် ရုံးသုံးဘာသာစကား ဖြစ်လာသည်။ ယင်း ဘာသာစကားကို အာဖရိကာန် (Afrikaans) ဟု ခေါ်ကြသည်။ အင်္ဂလိပ်ဘာသာစကားမှာ ရုံးသုံးဘာသာစကား ဖြစ်နှင့်ပြီးပေပြီ။

၁၉၃၉ ခုနှစ်၌ တောင်အာဖရိကန် ပြည်ထောင်စုသည် ဒုတိယကမ္ဘာစစ်တွင် ပါဝင်၍ မဟာမိတ်အင်္ဂလိပ်တို့ကို ကူညီသည်။ စစ်ပြီးသောအခါ ၁၉၄၅ ခုနှစ်၌ တည်ထောင်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ သို့သော်လည်း ပြည်ထောင်စု အစိုးရသည် ပြည်တွင်း၌ အသားအရောင်

http://www.dhammadownload.com



ခွဲခြားရေးဝါဒကို မြဲမြံစွာစွဲကိုင်ထားသဖြင့် ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကြေညာစာတမ်းကို လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့လေသည်။

အာဏာရ အမျိုးသားပါတီအစိုးရသည် တိုင်းရင်းသား လူမဲများ၊ ကပြားများနှင့် အိန္ဒိယလူမျိုး အများဆုံးပါဝင်သော အာရှတိုက်သားများအပေါ်တွင် အသားရောင်ခွဲခြားသော ဥပဒေစည်းကမ်းသတ်မှတ်ချက်များကို တိုးတက်လုပ်ဆောင်လာသည်။

၁၉၅၉ ခုနှစ်၌ အာဖရိကန်အားလုံး၏ ကွန်ဂရက် [Pan Africanist Congress (PAC)]ကို ဖွဲ့စည်းလိုက်ကြသည်။

၁၉၆၀ ခုနှစ်တွင် ဗြိတိသျှဝန်ကြီးချုပ် ဟာရိုးမက်မီလန် (Harold Macmillan)က တောင်အာဖရိကပါလီမန်၌ မိန့်ခွန်းပြောကြားသည်။

အသားအရောင်ခွဲခြားမှုကို ဆန့်ကျင်ဆန္ဒပြသော လူထုကို ရဲက သေနတ်ဖြင့် ပစ်သဖြင့် လူ ၆၉ ယောက် သေဆုံး၍ ၁၈၀ ဒဏ်ရာရကြသည်။ အစိုးရက ANC နှင့် PAC ပါတီတို့ကို ပိတ်ပင်တားမြစ်လိုက်သည်။ ထိုပါတီနှစ်ခုလုံး လျှို့ဝှက်အဖွဲ့အစည်းများအဖြစ်ဖြင့် အစိုးရဖြုတ်ချ

http://www.dhammadownload.com



ရေးအတွက် လှုပ်ရှားကြသည်။ ANC ပါတီ၏ ခေါင်းဆောင် မန်ဒဲလား ကိုလည်း ထောင်ချ လိုက်သည်။

၁၉၆၁ ခုနှစ် မေလ ၁၁ ရက်နေ့၌ အာဖရိကန်နား (Africaner) ဟုခေါ်သည့် ဒတ်ချ် နွယ်ဝင် ဗိုးဝါးတို့သည် **တောင်အာဖရိက သမ္မတနိုင်ငံ** ကို ထူထောင်လိုက်ကြသည်။ ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင်နိုင်ငံအဖြစ်မှလည်း နှုတ် ထွက်လိုက်ကြသည်။

၁၉၆၃ ခုနှစ်တွင် အမျိုးသားပါတီမှ **ဒီတ်ရှ်အက်ဖ် ဗဲယားဝုဒ်** (H.F Verwoerd) ဝန်ကြီးချုပ်ဖြစ်လာ၍ လူမျိုးခွဲခြားရေးဥပဒေ များကို ဆန့်ကျင်သူတို့၏ လွတ်လပ်မှုကို ပိုမိုချုပ်ချယ်ကန့်သတ်လာသည်။ သုံးနှစ်ကြာသော အခါ လူမျိုးရေးတင်းမာမှုများ ပိုမိုပြင်းထန် လာသည်။ ပြည်ပနိုင်ငံတို့ကလည်း အသား အရောင်ခွဲခြားရေးကို အပြင်းအထန် ဆန့်ကျင် ကန့်ကွက်ကြသည်။ တောင်အာဖရိက သမ္မတ နိုင်ငံကို အသိအမှတ်ပြုခြင်းမှ ရုပ်သိမ်းလိုက်ကြ သည်။ သံတမန်အဆက်အသွယ် ဖြတ်လိုက် ကြသည်။ စီးပွါးရေးပိတ်ဆို့မှုစသော ဒဏ်

http://www.dhammadownload.com



ခတ်မှုများလည်း ပြုလုပ်ကြသည်။

၁၉၇၄ ခုနှစ်၌ ကုလသမဂ္ဂ အထွေထွေ အစည်းအဝေးကြီးက တောင်အာဖရိကနိုင်ငံ၏ ခန့်အပ်လွှာကို ပယ်ချလိုက်သည်။ အထွေထွေ အစည်းအဝေးကြီးတွင် တောင်အာဖရိကနိုင်ငံ ပါဝင်ခွင့် မရတော့ပေ။ ၁၉၇၇ ခုနှစ်၌ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက တောင်အာဖရိကအား လက်နက်ရောင်းချမှုကို ပိတ်ပင်တားမြစ် လိုက်သည်။

အသားအရောင် ခွဲခြားရေး ဆန့်ကျင်မှုများ ပိုမိုပြင်းထန်လာသည်။ ဝန်ကြီးချုပ် ဖဲယားဝုဒ် လုပ်ကြံသတ်ဖြတ်ခြင်းခံရသည်။

အမျိုးသား ပါတီဝင်ဖြစ်သော ဗားလ်သဓာ ဗောစတား က ဖဲယားဝုဒ်၏ အရိုက်အရာကို ဆက်ခံသည်။ ဗောစတား သည် လူမျိုးခွဲခြားရေး ဆန့်ကျင်သူ အာဖရိကတိုင်းရင်းသား လူမျိုးများကို ချွေးသိပ်သည့်အနေဖြင့် ဖွံ့ဖြိုးရေးချေးငွေများ ချေးငှားသည်။ ကုန်သွယ်ရေး လိုက်လျော လျော့ပေါ့မှုများ ပြုလုပ်သည်။ သို့သော် ၁၉၇၈ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ဗောစတား နုတ်ထွက် လိုက်ရသည်။

http://www.dhammadownload.com



ဗောသတား၏ နေရာတွင် ပီတာဗိုထာ (Pieter W. Botha) ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၈၃ ခုနှစ်တွင် အခြေခံဥပဒေသစ် ပေါ်ပေါက်လာသောအခါ ပီတာဗိုထာပင် သမ္မတဖြစ်လာသည်။

စစ်သွေးကြွ လူမဲတို့က အသားရောင်ခွဲခြားရေးကို ပိုမိုပြင်းထန်စွာ ဆန့်ကျင်တိုက်ခိုက်လာကြသည်။ ထို့ကြောင့် ၁၉၈၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် မြို့ပေါင်း ၃၆ မြို့၌ အရေးပေါ်အခြေအနေ ကြေညာပြီးလျှင် ရဲတို့အားလည်း ဝရမ်းမပါဘဲ ဖမ်းဆီးပိုင်ခွင့် အာဏာနှင့် အချိန်အကန့်အသတ်မရှိ အကျဉ်းချုပ်ထားနိုင်ခွင့် အာဏာတို့ကို တိုးပေးလိုက်သည်။

၁၉၈၆ ခုနှစ်၌မူ ဆန့်ကျင်တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာသဖြင့် တစ်ပြည်လုံးကို အရေးပေါ်အခြေအနေ ကြေညာလိုက်ရသည်။ ယင်း အရေးပေါ် အခြေအနေကို ၁၉၉၀ ခုနှစ် ဇွန်လကျမှ ရုပ်သိမ်းရသည်။

၁၉၈၉ ခုနှစ်၌ ပါတီခေါင်းဆောင်အဖြစ်မှ ဗိုထာ လျှောကျသွားသောအခါ ဖရက်ဒရစ်ဒီကလတ်စ် (Frederick de Klerk) သမ္မတ ဖြစ်လာသည်။ ဒီကလတ်စ် သည် ပြုပြင်ပြောင်းလဲရေးများ

http://www.dhammadownload.com



မြန်နိုင်သမျှမြန်မြန် လုပ်ဆောင်သည်။

**၁၉၉၀ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့**တွင် ပါလီမန်အစည်းအဝေး ဖွင့်ပွဲ၌ သမိုင်းတွင်သော မိန့်ခွန်းကို **ဒီကလတ်ခ်** မိန့်ကြားခဲ့သည်။ ထိုမိန့်ခွန်း၌ အသားအရောင်ခွဲခြားရေးဝါဒကို စွန့်လွှတ်ရန် အရေးကြီးသောလုပ်ငန်းစဉ်များကို ကြေညာခဲ့သည်။

ထိုပါလီမန်ကပင် အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေး၌ ပဓာနပါတီ ဖြစ်သော **အာဖရိကန် အမျိုးသားကွန်ဂရက်** (**African National Congress**) ပါတီနှင့်တကွ နိုင်ငံရေးပါတီအားလုံး အား ပိတ်ပင်တားမြစ်ထားသည့် ဥပဒေကို ရုပ်သိမ်း လိုက်သည်။ ၂၇ နှစ်ခွဲ ထောင်ချထားသော ပါတီ ခေါင်းဆောင် **မန်ဒဲလား(Mandela)**ကို ထောင်မှ လွှတ်လိုက်သည်။ အစိုးရနှင့် ကွန်ဂရက် ပါတီတို့ မျက်နှာစုံညီ ညှိနှိုင်းဆွေးနွေးကြသည်။

ရလဒ်မှာ **၁၉၉၁ ခုနှစ် ဇွန်လ ၅ ရက်နေ့**တွင် ပါလီမန်က ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် ပတ်သက် သော အသားအရောင်ခွဲခြားရေးဥပဒေကို ရုပ်သိမ်းလိုက်သည်။ **ဇွန်လ ၁၇ ရက်နေ့**တွင် ၁၉၅၀ ခုနှစ် လူဦးရေ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်

http://www.dhammadownload.com



သည့် အသားအရောင်ခွဲခြားရေး ဥပဒေကို ရုပ်သိမ်းလိုက်သည်။ ထို့နောက်အသားအရောင် ခွဲခြားရေးဥပဒေ အားလုံးကို ရုပ်သိမ်းလိုက်သည်။

ကုလသမဂ္ဂနှင့်တကွ ကမ္ဘာ့နိုင်ငံအားလုံးက ဒဏ်ခတ်ပိတ်ဆို့မှုအားလုံးကို ရုပ်သိမ်းလိုက်ကြသည်။ သံတမန်ဆက်သွယ်ရေးများလည်း ပြန်လည်အသက်ဝင်လာကြသည်။

ဤတွင် ကမ္ဘာ့အလယ်၌ အရုပ်ဆိုးအကျည်းတန်လှသော အမဲကွက်ကြီးနိဂုံးချုပ်သွားလေသည်။

နောက်ဆုံးတွင် ရွေးကောက်ပွဲ ကျင်းပပြီးလျှင် ဒီကလတ်ခ် အစိုးရက မင်ဒဲလားအား တိုင်းပြည်၏တာဝန်ကို လွှဲပြောင်းထမ်းဆောင်စေလိုက်သည်။

## ကျမ်းကိုး


၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၅

၂။ Webster's II Desk Reference

၃။ The New American Desk Enyclopedia

၄။ World Handbook

၅။ South Africa

http://www.dhammadownload.com

# နောက်ဆက်တွဲ (၂)

## တောင်အာဖရိကနိုင်ငံ၊ မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ဖြစ်မြောက်ရေး မျက်နှာစုံညီ အစည်းအဝေး မှတ်တမ်း

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့၊

(၁) တောင်အာဖရိကနိုင်ငံ၊ မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ဖြစ်မြောက်ရေး မျက်နှာစုံညီ အစည်းအဝေးကို ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ (၃၀) ကျော် တက်ရောက်ကြပါသည်။

(၂) ဤအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါက်တာ မော်နိုင်ဦးမှ ဆောင်ရွက်၍ နမောတဿ (၃) ကြိမ်ရွတ်ဆိုကာ အစည်းအဝေးကို ဖွင့်လှစ်ကြပါသည်။

(၃) ဒေါက်တာမော်နိုင်ဦးမှ ကြိုတင်ညှိနှိုင်းအစည်းအဝေး မှတ်တမ်းကို တင်ပြ၍ ဆွေးနွေးအကြံပြုချက်များကို ရယူပါသည်။

http://www.dhammadownload.com



(၄) မြန်မာဘုန်းတော်ကြီးကျောင်း ဖြစ်မြောက်ရန် မြန်မာဗုဒ္ဓဘာသာအသင်း (တောင်အာဖရိကနိုင်ငံ) (**MYANMAR BUDDHIST ASSOCIATION [SOUTH AFRICA]**) ဟူ၍ ဖွဲ့စည်းရန် သဘောတူကြပါသည်။

(၅) မြန်မာဘုန်းတော်ကြီးကျောင်း တည်ရန်မြို့ကို **PIETER MARITZBURG** မြို့အား အားလုံးက သဘောတူ ရွေးချယ်ကြပါသည်။

(၆) အသင်း၏ ဩဝါဒစရိယ ဆရာတော်များအဖြစ် ရွှေဟင်္သာဆရာတော်နှင့် ချမ်းမြေ့ဆရာတော်တို့အား ဆောင်ရွက်ပေးပါရန်အတွက် လျှောက်ထားရန် သဘောတူကြပါသည်။

(၇) အသင်း၏ နာယကအဖြစ် ဦးထွန်းရှိန်အား ဆောင်ရွက်ပေးပါရန် ပန်ကြားပြီးဖြစ်ကြောင်း မှတ်တမ်းတင်ပါသည်။

(၈) အသင်း၏ အလုပ်အမှုဆောင် ဦးဆောင်ကော်မတီဝင် ခြောက်ဦးကို မဲစံနစ်ဖြင့် ရွေးချယ်ကြပါသည်။ ၎င်းတို့၏ အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

http://www.dhammadownload.com



(၁) ဒေါက်တာစိုးသိန်း

(၂) ဒေါက်တာသန်းထွန်း

(၃) ဒေါက်တာသန့်စင် (PMB)

(၄) ဒေါက်တာသန့်စင် (Montebello)

(၅) ဒေါက်တာစိုင်းကျော်ခွေး

(၆) ဒေါက်တာမော်နိုင်ဦး

(၉) ဒေါ်ဥမ္မာထွန်းကြည်အား စာရင်းစစ်အလုပ် အမှုဆောင် ကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြပါသည်။

(၁၀) အဖွဲ့ယော်များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား အလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် ထည့်သွင်းရန် သဘောတူညီကြပါသည်။

(၁၁) အဖွဲ့ယော်များကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဆက်လက်၍ ဖွဲ့စည်းကြပါသည်။

(က) ပြန်ကြားရေးနှင့်ဆက်သွယ်ရေးအဖွဲ့

(၁) ဒေါက်တာအောင်ခင် (အဖွဲ့ခေါင်းဆောင်)

(၂) ဒေါက်တာမောင်မောင်စံလင်းအေး (အတွင်းရေးမှူး)

http://www.dhammadownload.com



(၃) ဒေါက်တာဝင်းမြင့်အောင် (အဖွဲ့ဝင်)
(၄) ဒေါက်တာမောင်မောင်လေး (အဖွဲ့ဝင်)
(၅) ဒေါက်တာကေခိုင်ထွန်းကြည် (အဖွဲ့ဝင်)
(၆) ဒေါက်တာမိုးဇော် (အဖွဲ့ဝင်)
(၇) ဒေါက်တာဥမ္မာမြင့်သိန်း (အဖွဲ့ဝင်)
(၈) ဒေါက်တာသင်မောင်ဟန် (အဖွဲ့ဝင်)
(၉) ဒေါက်တာသိန်းဇော် (အဖွဲ့ဝင်)
(၁၀) ဒေါက်တာမြင့်သန်း (အဖွဲ့ဝင်)

(ခ) ဘဏ္ဍာရေးအဖွဲ့ငယ်

(၁) ဒေါက်တာကျော်ရွှေ (အဖွဲ့ခေါင်းဆောင်)
(၂) ဒေါက်တာရဲလွင် (အတွင်းရေးမှူး)
(၃) ဒေါက်တာမောင်မောင်ဦး (အဖွဲ့ဝင်)

(ဂ) မြေနေရာရှာဖွေရေးအဖွဲ့ငယ်

(၁) ဒေါက်တာတင်အောင် (အဖွဲ့ခေါင်းဆောင်)
(၂) ဒေါက်တာရဲဝင်း (အတွင်းရေးမှူး)
(၃) ဒေါက်တာအာယု (အဖွဲ့ဝင်)
(၄) ဒေါက်တာအောင်ကြီး (အဖွဲ့ဝင်)

http://www.dhammadownload.com



(ဃ) အလှူငွေကောက်ခံရေးအဖွဲ့ငယ်

(၁) ဒေါ်လှလှနွဲ့ (အဖွဲ့ခေါင်းဆောင်)

(၂) ဒေါ်သီဂီကျော် (အတွင်းရေးမှူး)

(၃) ဒေါက်တာခင်လေးမွန် (အဖွဲ့ဝင်)

(၄) ဒေါက်တာစန်းစန်းအေး (အဖွဲ့ဝင်)

(၅) ဒေါက်တာသင်းသင်းနွဲ့ (အဖွဲ့ဝင်)

(၆) ဒေါက်တာလှလှဝေ (အဖွဲ့ဝင်)

(၇) ဒေါ်တင်မိုးချစ် (အဖွဲ့ဝင်)

(၈) ဒေါ်မြင့်မြင့်စိန် (အဖွဲ့ဝင်)

(၉) ဒေါ်ဝင်းမော်မော် (အဖွဲ့ဝင်)

(၁၀) ဒေါ်သဇင် (အဖွဲ့ဝင်)

(၁၁) နယ်မြေကိုယ်စားလှယ်များ (အဖွဲ့ဝင်)

(၁၂) နယ်မြေကိုယ်စားလှယ်များ

(၁) ဒေါက်တာကျော်ဆန်း DURBAN

(၂) ဒေါက်တာချစ်ချစ် PIETERMARITZBURG

(၃) ဒေါက်တာဝင်းအောင် EMPANGENI

(၄) ဒေါက်တာလှထွန်း NONGOMA

(၅) ဒေါက်တာစိန်ဝင်း NKONGENI

http://www.dhammadownload.com



(၆) ဒေါက်တာမျိုးဝင်း MONTEBELLO

(၇) ဒေါက်တာဦးအုံး BOPUTHUSWANA

(၈) ဒေါက်တာသိန်းဝင်း JOHANNESBURG
PRETORIA

(၉) ဒေါက်တာခင်မောင်မြင့် NEW CASTLE

(၁၀) ဒေါက်တာမိုးအောင်မော် LESOTHO

(၁၃) အလုပ်အမှုဆောင်အစည်းအဝေးကို ပုံမှန်အားဖြင့် တစ်လလျှင်တစ်ကြိမ်ထက်မနည်း ကျင်းပသွားရန်နှင့် အသင်းသား ၁၀ ဦးထက်မနည်း (နယ်ကိုယ်စားလှယ် သုံးဦး အပါအဝင်)က တောင်းဆိုလျှင် ခေါ်ယူပေးရန် သဘောတူကြပါသည်။

(၁၄) ချမ်းမြေ့ဆရာတော်၏ သာသနာ့ခရီးစဉ် မှတ်တမ်းခွေများကို တစ်ခွေလျှင် (**R25**) ကောက်ခံရန်နှင့် ယင်းမှပိုငွေကို အသင်းသို့ လှူဒါန်းရန် သဘောတူ ကြပါသည်။ (ဤအခွေ ဖြစ်မြောက်ရေးအတွက် လူအား စက်အားဖြင့် ကူညီလှူဒါန်းသူများ၏ ဒါနဖြစ်မြောက်စေရန် ရည်ရွယ်၍ ဖြစ်ပါသည်။)

(၁၅) ချမ်းမြေ့ဆရာတော် သာသနာ့ခရီးစဉ် အလှူငွေမှ ပိုသောငွေ (**R2,044,12**) ကို အသင်းအနေဖြင့် **BOTSWANA BUDDHIST SOCIETY** မှစီစဉ်သည့်

http://www.dhammadownload.com



ခေါင်းလောင်းအတွက် လှူဒါန်းရန် သဘောတူဆုံးဖြတ်ကြပါသည်။ ပိုငွေ (**R 100,000**) ကို အသင်း၏ အသေးသုံးငွေအဖြစ် သုံးစွဲရန် သဘောတူကြပါသည်။

(၁၆) အသင်း၏ အဖွဲ့ဝင်များကို နှစ်စဉ်ကြေးကောက်ခံသွားရန်နှင့် အသင်းဝင်ရန် လိုအပ်ချက်များကို အလုပ်အမှုဆောင်အဖွဲ့မှ ဆုံးဖြတ်ရန် သဘောတူကြပါသည်။

(၁၇) ဘုန်းကြီးကျောင်းဆောက်ရန်မြေကို အရင်ဆုံး ဝယ်ရန်နှင့် မြေကို သံဃိက မြေအဖြစ် လှူဒါန်းရန် ဦးစိန်တင်မှ အကြံပေးသည်ကို သဘောတူညီကြပါသည်။

(၁၈) ထို့နောက် ဘုန်းကြီးကျောင်းဖြစ်မြောက်ရေးအတွက် ရရှိထားသော အလှူငွေစာရင်းများကို ဖတ်ကြားပြီးနောက် အစည်းအဝေးကို အောင်မြင်စွာဖြင့် ရုတ်သိမ်းလိုက်ကြပါသည်။

http://www.dhammadownload.com

# ချမ်းမြေ့ စာစဉ်များ

၁။ ဆင်းရဲငြိမ်းအေး ချမ်းသာရေးတရားတော် (၆ ကြိမ်)
၂။ ချမ်းမြေ့ အခြေပျိုးဗုဒ္ဓဘာသာ (၅ ကြိမ်)
၃။ ချမ်းမြေ့မင်္ဂလာ သင်စရာ (၃ ကြိမ်)
၄။ ဂုဏ်တော်ဘုရားရှိခိုးနှင့် သိမှတ်ဖွယ်အထွေထွေ (၉ ကြိမ်)
၅။ အသံလွှင့်တရားတော်များ (၂ ကြိမ်)
၆။ ၁၉၈၅–ခုနှစ် တက္ကသိုလ်ဓမ္မသဘင် (၂ ကြိမ်)
၇။ လူ့ကြထိန်သက်န်းနှင့် မင်္ဂလမ်းကိုရှုယ် (၄ ကြိမ်)
၈။ အနောက်တိုင်းမှ ဘဝပြဿနာ (ကုန်ပြီ)
၉။ ချမ်းမြေ့ သာသနာတော်လျှောက်စာတန်း (၃ ကြိမ်)
၁၀။ နိုင်ငံခြားမှ ပေးစာများ (ကုန်ပြီ)
၁၁။ တတိယအကြိမ် ဓမ္မခရီး (ကုန်ပြီ)
၁၂။ ယောဂီသိဖွယ် အသွယ်သွယ် (၂ ကြိမ်)

http://www.dhammadownload.com

၁၃။ နိုင်ငံခြားသား ဘုန်းတော်ကြီး တစ်ပါး၏ ဗုဒ္ဓဘာသာ
အမြင် အမေးအဖြေများ (၂ ကြိမ်)
၁၄။ ကံနှင့် တမလွန်ဘဝ (၂ ကြိမ်)
၁၅။ အာဖရိကခရီး (ထွက်ပြီ)
၁၆။ ဗုဒ္ဓသာသနာတော် စ,တင်ပြန့်ပွါးပုံ
၁၇။ Vipassana Meditation Guidelines
၁၈။ Vipassana Meditation
၁၉။ Ordination Procedure and some rules
of Vinaya
၂၀။ The Fundamental Doctrine of Buddhism
၂၁။ Parable of the Log

http://www.dhammadownload.com

## သတိပဋ္ဌာန်လမင်း

ရှင်တော်ဗုဒ္ဓ၊ သာသနာ့ဝေဟင်၊
သတိပဋ္ဌာန်လမင်း၊ ထိန်လင်းကြည်လင်၊
ရောင်ခြည်အေးမြ၊ ဖြာကျနေစဉ်၊
နိုးသူများ၊ ရှုပွား အပူစင်။

ကာမဂုဏ်မှောင်တိုက်၊ အိပ်ငိုက်သူတွေ၊
လင်ရေး မယားရေး၊ ရှုတ်ထွေးလိမ်ပွေ၊
သားရေးသမီးရေး၊ ပူဆွေးဗျာပွေ၊
လရောင်နှင့်၊ တွေ့ခွင့် မကြုံပေ၊
အပူမီး၊ ထိန်ညီးတောက်လောင်နေ။

## သတိပဋ္ဌာန်၏အကျိုး ၇ ပါး

ကိလေညစ်ကြေး၊ ကင်းဝေးစေရန်၊
စိုးရိမ်ပူဆွေး၊ ငိုကြွေးကင်းရန်၊
ကိုယ်စိတ်ဆင်းရဲ၊ ချုပ်စဲဘို့ရန်၊
မဂ်နိဗ္ဗာန်၊ အမြန် ဆိုက်ရောက်ရန်၊
တစ်လမ်းထဲ၊ ပွားမြဲ သတိပဋ္ဌာန်။

http://www.dhammadownload.com

# သတိပဋ္ဌာန်ရှုပုံ အကျဉ်း

## ထိုင်ပုံ

ဘာဝနာကို၊ အားထုတ်လို၊ ဒီလို ပြုပါလေ။
တောတောင်အရိပ်၊ သစ်ပင်ရိပ်၊ တိတ်ဆိတ်ရာမှာနေ။
တင်ပျဉ်ခွေကာ၊ ခါးဖြောင့်ကာ၊ ငြိမ်စွာ ထိုင်ပါလေ။
မလှုပ်မရှား၊ ကျောက်ရုပ်လား၊ ခေါင်းထား တည့်မတ်စေ။
မျက်စိမှိတ်လျက်၊ လက်နှစ်ဖက်၊ ရင်ခွင်ထက်မှာ ထားပါလေ။

## ရှုပုံ

ရှုစရာဒွါ၊ စိတ်ကိုစိုက်၊ ဦးတိုက်ထားပါလေ။
ဖောင်းတာ ပိန်တာ၊ အစဖြာ ပေါ်ရာ ရှုပါလေ။
စိတ်ပြေးစိတ်လွင့်၊ မထိန်းနှင့်၊ အသင့် ရှုပါလေ။
ကြံစည်စဉ်းစား၊ တွေးစိတ်များ၊ မမှား ရှုပါလေ။
နာတာကျဉ်တာ၊ သောင်းညာတာ၊ သေချာ ရှုပါလေ။
ထုံကျဉ်ကိုက်ခဲ၊ ယားယံလဲ၊ စွဲမြဲရှုပါလေ။
ပြောင်းချင်ပြင်ချင်၊ မပြုပြင်၊ ပြင်ချင်စိတ်ကို ရှုပါလေ။
ဝမ်းနည်းဝမ်းသာ၊ ခံစားတာ၊ သေချာရှုပါလေ။
ဆင်းရဲချမ်းသာ၊ ခံစားတာ၊ သေချာရှုပါလေ။
မြင် ကြား နံ စား၊ တွေ့ သိများ၊ မမှားရှုပါလေ။
ခြောက်ဒွါရဋ္ဌ၊ ဖြစ်ပေါ်နိုက်၊ စူးစိုက်ရှုပါလေ။
စူးစိုက်ရှုလျှင်၊ အမှန်မြင်၊ ပြေးဝင် နိဗ္ဗာန်ပြေ(ပြည်)။

http://www.dhammadownload.com

## စကြံ

ဘယ်လှမ်းညာလှမ်း၊ ဖြည်းဖြည်းလှမ်း၊ ခြေလှမ်းစိတ်ပါစေ၊
ဟိုဒီမကြည့်၊ ရှေ့တည့်တည့်၊ ရှုကြည့်အမြဲပေ။
မျက်လွှာကိုချ၊ လေးတောင်မျှ၊ ကြည့်ရ အမှန်ပေ။
ကြွတာ လှမ်းတား ချလိုက်တာ၊ သေချာ ရှုပါလေ။
မကြွခင် ကြွချင်၊ စိတ်အစဉ်၊ သိလျှင် ရှုပါလေ။
မလှမ်းခင် လှမ်းချင်၊ စိတ်အစဉ်၊ သိလျှင် ရှုပါလေ။
မချခင် ချချင်၊ စိတ်အစဉ်၊ သိလျှင် ရှုပါလေ။
စကြံ လျှောက်စဉ်၊ စိတ်လွင့်လျှင်၊ စိတ်ပင် ရှုပါလေ။

## သမ္မဇဉ

လက်ခြေကွေးလျှင်၊ မြှောက်ချလျှင်၊ ဆန့်လျှင် ရှုပါလေ၊
ကွေးချင် ဆန့်ချင်၊ မြှောက်ချချင်၊ ပြုချင်စိတ်လဲ ရှုပါလေ၊
ရှေ့ကြည့်နောက်ကြည့်၊ ဘေးကိုကြည့်၊ ကြည့်မိလျှင်လဲ ရှုပါလေ၊
ကြည့်လို့မြင်လဲ၊ မြင်တယ်ပဲ၊ စွဲမြဲ ရှုပါလေ။
မျက်နှာသစ်ရာ၊ ရေချိုးရာ၊ စားသောက်ရာလဲ ရှုပါလေ၊
ပေါ့လေးစွန့်ရာ၊ လျှော်ဖွပ်ရာ၊ ထိုင်ထရာလဲ ရှုပါလေ။
အိပ်ရာပြင်လျှင်၊ အိပ်,နိုးလျှင်၊ ထလျှင် ရှုပါလေ။
ဖြည်းဖြည်းလှုပ်ရှား၊ ဖြည်းဖြည်းသွား၊ ရှုပွား အမြဲပေ။
လူမမာနှင့်၊ တူစွာကျင့်၊ ရှုခွင့် သာလှပေ။
အသေးစိပ်မှုရာ၊ အဖြာဖြာ၊ သေချာ ရှုသင့်ပေ။
ရှေ့နောက်ရှုမှတ်၊ မှတ်ချင်းစပ်၊ ရလတ် မဂ်ဖိုလ်ပေ။

http://www.dhammadownload.com



နိုင်ရောဘီမြို့၌ မောင်စိုးမြင့်မိသားစု ဆွမ်းကပ်ကြစဉ်

http://www.dhammadownload.com



နိုင်ရောဘီမြို့၌    အနေကဇာတင်



တရားစခန်း၊ တရားခန်းမနှင့် ယောဂီဆောင်

http://www.dhammadownload.com



တရားစခန်း၌ ဆရာတော်၏ ယာယီစံကျောင်း

http://www.dhammadownload.com



ယောဂီများအား တရားချီးမြှင့်စဉ်

http://www.dhammadownload.com

http://www.dhammadownload.com



နိုင်ရောဘီတရားဂုခန်း

http://www.dhammadownload.com



နိုင်ရောဘီတရားစခန်း




နိုင်ရောဘီတရားစခန်း၊ စင်္ကြံ လျှောက်အားထုတ်စဉ်

http://www.dhammadownload.com

http://www.dhammadownload.com



နိုင်ရောဘီတရားစခန်း၊ စင်္ကြံ လျှောက်အားထုတ်စဉ်

http://www.dhammadownload.com



နိုင်ရောဘီတရားစခန်း၊ တရားလျှောက်ကြစဉ်

http://www.dhammadownload.com



နိုင်ရောဘီတရားစခန်း၊ တရားလျှောက်ကြစဉ်

http://www.dhammadownload.com




နိုင်ရောဘီတရားစခန်း၊ နံနက်စာသုံးဆောင်ကြစဉ်

http://www.dhammadownload.com




နိုင်ရောဘီ တရားစခန်းသိမ်း

http://www.dhammadownload.com




နွားနို့လာပို့သော ကင်ညာသူ လှပျိုဖြူများ




ကင်ညာဂိတ်စောင့်

http://www.dhammadownload.com

http://www.dhammadownload.com



ဘေားမဲ့တောသို့အသွား လမ်းတွင် နေ့ဆွမ်းဘုဉ်းပေးစဉ်

http://www.dhammadownload.com




ဘားမဲ့တောထဲ ချောင်းဖြတ်စဉ်

ဥုဝ်စနံခၞာဂြဲဂွံဇိုဲ ယးငယက်းနူ၉၈ နွံဗၟာဗွံငံဂြဲင်္ဂယးဘ္ဂလိ၁



http://www.dhammadownload.com

http://www.dhammadownload.com




Governer's Camp ဘုရင်ခံ၏စခန်းသာသို့ ရောက်ကြပြီ

http://www.dhammadownload.com



စခန်းမှ ရွက်ထည်တည်းခိုခန်း

http://www.dhammadownload.com




ဦဖးဂ၁းဦင်းရှဝိဧယှာဖြဆ ငြီးနှစေ

http://www.dhammadownload.com



ရေမြင်းတို့ပျော်စံရာ ချောင်းကမ်းပါးတနေရာ

http://www.dhammadownload.com



(Toppi) ခေါ်သော ဆတ်တမျိုး

http://www.dhammadownload.com



ချောင်းရေစပ်မှ ရေမြင်းများ



အပေါ်မျှော်နေသော အောင်း(တရစ္ဆ Hyena)

http://www.dhammadownload.com

http://www.dhammadownload.com




မဆိုင်းမာရ ဘေးမဲ့တောအတွင်း၌ ဆင်အုပ်



တစ်ကောင်တည်းခွဲနေလေ့ရှိသော အုပ်ထိန်းဆင်

http://www.dhammadownload.com

http://www.dhammadownload.com



သားကောင်ကိုစားနေသော (Cheetah)ခေါ် ကျားသစ်ငယ်မိသားစု

ဖံ့ဖွယဂစ္ဆုံငံခ၍ ယလာ၏ဂ းလှီလင့်ယလာခဲ့ခဂဲ့ယးန္တ ထွာင်းနှိုးဧဂ၁-၆



http://www.dhammadownload.com

http://www.dhammadownload.com




နိုင်ရောဘီသို့ပြန်ရန်  စီတန်းနေကြသောကားများ

http://www.dhammadownload.com



တောင်အာဖရိက၊ ဒါဘန်မြို့သို့ရောက်စ၊ ဒေါက်တာကျော်ဆန်းအိမ်၌



တောင်အာဖရိက၊ ပီတာမရီဇဘတ်၌ စုပေါင်းဆွမ်းကပ်ကြစဉ်

http://www.dhammadownload.com

http://www.dhammadownload.com




ပီတာမရိဇဘတ်၊ အိဆိုပိုတရားရိပ်သာ တရားနာပရိသတ်




ပီတာာမရိဇဘတ် ကဆုန်လပြည့် ဗုဒ္ဓနေ့တရားပွဲ

http://www.dhammadownload.com

http://www.dhammadownload.com




တက်ခနီကွန်ကောလိပ်၊ တရားပွဲအပြီး မြန်မာမိသားစုများ

http://www.dhammadownload.com




ဒါဘန်မြို့၊ တက်ခနိုကွန်ကောလိပ်တရားပွဲ